ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ (28-4-2013) (၇၄၆၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-hee တို့ လွှတ်တော်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများနှင့် ပြည်သူများ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား စီးပွားရေးနှင့် နည်းပညာကဏ္ဍများ ပူးပေါင်းဆောင်ရွက်ပါက အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် ဧပြီ ၂၇

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang- hee ၏ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ၊ ပြည်သူ့လွှတ်တော်ကော်မတီ အတွင်းရေးမှူးများဖြစ်ကြသော ဦးအေးမောက်၊ ဒေါက်တာနေလင်းနှင့် ကိုရီးယား သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးညွန့်လှိုင်တို့ လိုက်ပါလျက် ဧပြီ ၂၃ ရက် ညနေ ၅ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang- hee နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံသို့ရောက်ရှိပြီးနောက် ယခု ကိုရီးယား သမ္မတနိုင်ငံတွင် ပြန်လည်တွေ့ဆုံရသည့်အတွက် ဝမ်းသာဝမ်းယူပါ ကြောင်း၊ အဆွေတော်ဦးဆောင်သော ပြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့၏ ခရီးစဉ်အား အောင်မြင်အဆင်ပြေမှုရှိစေရေး ဆောင်ရွက်ထားရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ဖိတ်ကြားချက်အရ မိမိဦးဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိစဉ် လှိုက်လှဲ ဝမ်းမြောက်စွာ ကြိုဆိုခြင်းများအတွက်လည်းကောင်း၊ ကောင်းမွန်သော အစီအစဉ်များ စီမံပေးထားသည့်အတွက်လည်းကောင်း အဆွေတော်အား အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ ဇန်နဝါရီလ အတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ အဆိုပါခရီးစဉ်ကြောင့် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ မြန်မာအစိုးရနှင့်ကိုရီးယားသမ္မတနိုင်ငံအစိုးရ၊ မြန်မာလွှတ်တော်နှင့် ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော်၊ မြန်မာပြည်သူများနှင့် ကိုရီးယားသမ္မတနိုင်ငံပြည်သူများ ယခင်ကထက် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုမိမိ၏ခရီးစဉ်မှာ မြန်မာ- ကိုရီးယား နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာရန်နှင့်ပိုမို တိုးတက်ရန်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆွေတော်တို့နိုင်ငံနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မြန်မာ ယူ – ၂၃ နှင့် ဗီယက်နမ် ယူ – ၂၃ အသင်းတို့ ဇွန် ၁၁ ရက်တွင် ခြေစမ်းပွဲကစားမည်

ရန်ကုန် ဧပြီ ၂၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် မြန်မာ့လက်ရွေးစင် ယူ-၂၃ အသင်းသည် ဇွန် ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဗီယက်နမ်လက်ရွေးစင် ယူ- ၂၃ အသင်းနှင့် ခြေစမ်းပွဲတစ်ရပ်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲအတွက် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်မှ ဖိတ်ကြားလာခဲ့ခြင်းဖြစ်ပြီး ဇွန် ၉ ရက်တွင် ရန်ကုန်မှ ထွက်ခွာမည်ဖြစ်သည်။ ဗီယက်နမ်တွင် ရှိစဉ်ကာလအတွင်း မြန်မာ ယူ-၂၃ အသင်းအနေဖြင့် အခြားဗီယက်နမ်ကလပ် အသင်း တစ်သင်းသင်းနှင့် ခြေစမ်းပွဲထပ်မံကစားနိုင်ရန်လည်း ကြိုးပမ်းလျက် ရှိသည်။

နည်းပြချုပ် မစ္စတာ ပတ်ဆောင်ဟွာ ကိုင်တွယ်မည့် မြန်မာ့လက်ရွေးစင် ယူ - ၂၃ အသင်းသည် အဆိုပါ ခြေစမ်းပွဲများမတိုင်မီ မေ ၂၁ရက်တွင် တောင်ကြီး မြို့သို့သွားရောက်ကာ ၁၀ရက်ကြာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကာ ကမ္ဘောဇအသင်း(သို့) မြန်မာ့လက်ရွေးစင်အသင်း (သို့) MNL All Star အသင်း နှင့်ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်မည်။ ထို့နောက်တွင်မေ ၃၁ ရက်၌ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကာ ဇွန် ၄ ရက်တွင် နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(၁၀၇)

တစ်ရက်တည်းနှစ်ပွဲနိုင်ခဲ့သည့် ရာဖေးလ်နာဒယ် ဘာစ်လိုနာအိုးပင်း ဆီမီးဖိုင်နယ်တက်ပြီ

ကမ္ဘာ့အဆင့်၄ါး နေရာတွင် ရပ်တည်လျက်ရှိသော စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ် သည် ဧပြီ ၂၆ ရက်က တစ်ရက်တည်း တွင် နှစ်ပွဲကစားကာ အဆိုပါ နှစ်ပွဲ စလုံး အနိုင်ရရှိခဲ့ပြီးနောက် ဘာစီလိုနာအိုးပင်း တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင် ခဲ့ပြီဖြစ်သည်။

ခုနစ်ကြိမ်ဆက် နိုင်ပွဲရရှိခဲ့သော စပိန်နာမည်ကြီး တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် မိုးသည်းထန် စွာ ရွာသွန်းမှုကြောင့် ရက်ရွှေ့ဆိုင်း ခဲ့ရသော တတိယအဆင့် ပွဲစဉ် ဖြစ်သည့် ပြင်သစ်တင်းနစ်ကစား သမား ဘီနိုအစ်ပါအိုရီကို ၇-၆၊ ၆-၂ ဖြင့် ပထမပွဲအဖြစ်အနိုင်ရရှိခဲ့သည်။

ယင်းနေ့မှာပင် နာရီအနည်းငယ် ကြာပြီးနောက် ဒုတိယပွဲစဉ်အဖြစ် စပိန် တင်းနစ်ကစားသမား အယ်လ်ဘတ်ရာမိုစ်နှင့် ယှဉ်ပြိုင် ကစားခဲ့ရာ ရာမိုစ်ကို ၆-၃၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့သည်။

ထိုကြောင့် ယင်းနေ့သည် အကောင်းဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ ကြောင်း၊ နှစ်ပွဲစလုံး အနိုင်ရရှိခဲ့၍ ကိုယ့်ကိုယ်ကိုယ် ကျေနပ်အားရမှု ရှိခဲ့ကြောင်း စပိန်တင်းနစ်အကျော် အမော် ရာဖေးလ်နာဒယ်က ပြိုင်ပွဲ အပြီးတွင် ပြောကြားခဲ့သည်။

မောင်သုတ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

ယနေ့ မာတိကာ

အဝ်မ်းရောင်ပွဲ့ ပြီးရေး
စာမျက်နှာ - ၂

အိမ်ကွင်း၌ ကမ္ဘောဇ ထပ်မံရှုံးနိမ့်
စာမျက်နှာ - ၃

လက်နက်တပ်ဆင်ထားသည့် ဒရုန်းများကို ပြိတိန်ရှိ တော်ဝင်လေတပ်စခန်းမှ ထိန်းချုပ်သည်ဟုဆို
စာမျက်နှာ - ၄

ကြေးမုံ စာတည်း ရှုထောင့် ၂၈-၄-၂၀၁၃၊ တနင်္ဂနွေနေ့

အစိမ်းရောင်ဖွံ့ဖြိုးရေး

(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဧပြီ ၂၅ ရက်က ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းရန် အစီအမံများချမှတ်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသွားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးက Green Growth Technology နှင့် Green Economy စသည် ဝတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုမည် စီးပွားရေးလုပ်ငန်းများဖြင့် ပြောင်းလဲလာသည် ရာသီဥတုဖြစ်စဉ်ကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ဆွေးနွေးပြောကြားသွားသည်မှာ မှတ်သားလုပ်ဆောင်ရမည်အချက်များဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးက ယနေ့ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသည် သဘာဝဝတ်ဝန်းကျင်၏စိန်ခေါ်မှုများနှင့်ဝတ်သက်၍ မိမိတို့နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံတို့ကပါ အလေးထားဝါဝင်လုပ်ဆောင်လာအောင် အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

Green Growth Technology၊ Green Economy နှင့်ဝတ်သက်၍ နိုင်ငံတကာကိုယ်စားလှယ်များနှင့် သဘာဝဝတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှင်များ ဝါဝင်ညှိနှိုင်းဆွေးနွေးအဖြေရှာသော အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုသည် နည်းပညာဆန်းသစ်တီထွင်မှုများနှင့်စဝ်လျဉ်းသည် ဖိုရမ်များကို မြန်မာနိုင်ငံတွင် နှစ်ကြိမ်တိုင် ကျင်းပခဲ့ပြီးဖြစ်သည်။

လက်ရှိထွင် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများအားလုံးတွင်ပါ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဝတ်ဝန်းကျင်ဂျက်ယွင်းမှုနှင့် ရင်ဆိုင်နေရသည်။ အစိမ်းရောင် စီးပွားရေးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အထောက်အကူပြုသဖြင့် ကမ္ဘာမြေအတွက်အရေးအပါဆုံးနယ်ပယ်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးသည် ကမ္ဘာမြေသာယာလှပရေး၊ အစဉ်မပြတ်တိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတို့ကိုလည်း အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် သဘာဝဝတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသည့် နည်းပညာ၊ သုတေသန ဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုသည် နည်းပညာ ဆန်းသစ်တီထွင်မှုတို့ကို အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် ကာဗွန်ထုတ်လုပ်မှုလျော့နည်းစေသည့်နည်းလမ်းများ၊ လေ၊ ရေ၊ နေစွမ်းအင်ကို အသုံးပြုနိုင်သည့်နည်းလမ်းများ၊ သစ်တောဖုံးလွှမ်းမှုတိုးပွားရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတိုးတက်ရေး၊ မြေနှင့် ရေ သယံဇာတများကို စနစ်တကျ အသုံးချပြီး ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ပါဝင်သည်။

ဤမျှအရေးကြီးသော လုပ်ငန်းစဉ်ကို နိုင်ငံအစိုးရများနှင့် ပညာရှင်တို့က အလေးထားအဖြေရှာညှိနှိုင်းဆွေးနွေးလုပ်ဆောင်နေရုံဖြင့် မပြီးဆုံးသေးချေ။ ထိုလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သဘာဝဝတ်ဝန်းကျင်နှင့် သက်ဆိုင်သူများအားလုံးသာမက ပြည်သူအားလုံးတို့ကပါ ဝါဝင်၍ အလေးအနက်ထား ဆောင်ရွက်ကြဖို့ဖြစ်သည်။

ထိုသို့မဆောင်ရွက်ကြလျှင် ယနေ့ကမ္ဘာမြေ မည်သည့်အနေအထားရှိသည်ကို လှမ်းမျှော်ကြည့်လျှင် သိနိုင်ပေသည်။ တိမ်ကောနေသော မြေလွှာများ၊ ခန်းခြောက်နေသောမြစ်ချောင်းအင်းအိုင်များကြောင့် အစဉ်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်နိုင်ကြောင်း တွေ့ရမည်ဖြစ်သည်။

ယင်းတို့သည် သဘာဝအလျောက်ဂျက်စီးယိုယွင်းရသည်ရှိသလို လူတို့ဝယောဂကြောင့် ဂျက်စီးရသည်လည်းရှိသည်။ မည်သည့်အတွက်ကြောင့် ယိုယွင်းသည်ဖြစ်စေ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ လူသားအားလုံး၏ တာဝန်ဝင်ဖြစ်သည်။

ထို့ကြောင့် အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုသည် လုပ်ငန်းစဉ်များသည် လူသားအားလုံးကို အကျိုးပြုလျက်ရှိသဖြင့် နည်းပညာဆန်းသစ်တီထွင်မှုများဖြင့် သဘာဝဝတ်ဝန်းကျင်ကို အကျိုးပြုရမည်ဖြစ်သလို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးဝမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများသို့ ဆေးဝစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ ဆေးဝစ္စည်းများ လှူဒါန်းပေးအပ်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဩစတြေးလျနိုင်ငံ Rotary Club of Essendon နှင့် ဥက္ကာသီရိကုမ္ပဏီတို့မှ လှူဒါန်းသော ဆေးဝစ္စည်းများကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများသို့ လှူဒါန်းပေးအပ်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းထားခြင်းဖြင့် ကျေးလက်ဒေသများတွင် မိမိတို့အရပ်၌ပင် ကျန်းမာရေးစစ်ဆေးစမ်းသပ်နိုင်ခြင်း၊ ရောဂါများအား ဆောလျင်စွာ ရှာဖွေဖော်ထုတ်နိုင်ပြီး အရေးပေါ် အသက်တယ်ပစ္စည်းများ ထားရှိခြင်းဖြင့် လူနာအား အရေးပေါ် ကုသရေးလုပ်ငန်းများနှင့် လွှဲပြောင်းညွှန်းပို့ခြင်းတို့ကို အချိန်မီ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ အဓိကအားဖြင့် ကျေးလက်မှ မြို့ပြသို့ သွားရောက်ရန် ခက်ခဲသူများအား သွားလာစရိတ် သက်သာစေပြီး ကျန်းမာရေးစောင့်ရှောက်မှုကို အတိုင်းအတာ အတစ်ခုအထိ တိုးတက်ရရှိစေခြင်း အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ဆေးဝစ္စည်းများလှူဒါန်းပေးကြသော အလှူရှင်များအားလည်း အထူးကျေးဇူး တင်ရှိပါကြောင်း၊ သက်ဆိုင်ရာဆေးရုံများမှ တာဝန်ရှိသူများကလည်း စက်ပစ္စည်းကိရိယာများကို ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းထားရှိရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လှူဒါန်းဆေးဝစ္စည်းများကို သယ်န်းကျွန်းစံပြဆေးရုံအတွက် သယ်န်းကျွန်းစံပြဆေးရုံ အုပ်ကြီး ဒေါက်တာဇော်ထွန်းနှင့် မြို့နယ်အဆင့် ဆေးရုံ ၂၁ ရုံအတွက် ဆိပ်ကြီးခနောင်တိုမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင့်ခိုင်တို့အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လည်းကောင်း၊ တိုက်နယ်ဆေးရုံ ၂၂ ရုံအတွက် တိုက်ကြီးမြို့နယ် ဥက္ကံတိုက်နယ်ဆရာဝန် ဒေါက်တာ ချယ်ရီကျော်မြင့်အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကျောက်တန်းမြို့နယ် မီးပြစံပြ တိုက်နယ် ဆရာဝန် ဒေါက်တာ နိုင်မြတ်ကျော်တ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံ ၄၄ ရုံသို့ အီးစီဂျီနလုံးစစ်ဆေးစမ်းသပ်စက်၊ အောက်ဆီဂျင်ထုတ်ပေးနိုင်သော Air Sep၊ အသက်ရှူအားကူပေးမည် လက်ညစ်အသက်ရှူ ကိရိယာ၊ သွေးချိုစမ်းသပ်စက် (Glucometer)၊ သန္ဓေသား စမ်းသပ်စက် (Foetal Droppler)၊ ချွဲစုပ်စက် (Sucction Machine)၊ SPO-2 Monitor ပါဝင်သော ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သကြံ့န်အလွန်ဆန်ဈေးကွက်မြင့်တက်

ရန်ကုန် ဧပြီ ၂၇

သကြံန်ပိတ်ရက်အလွန် ဆန်ဈေးကွက်တွင် ၂၅ မှတ် ဆန်၊ နှေဆန်၊ မိုးဆန်၊ ဝေါကွဲ၊ ဆန်ကွဲ ဈေးနှုန်းများမြင့်တက်လာသကဲ့သို့ စပါးဈေးနှုန်းများလည်း တင်းတစ်ရာလျှင် ကျပ်နှစ်သောင်းဝန်းကျင် မြင့်တက်လာ၍ နှေစပါးစိုက်ပျိုးသူများ အကျိုးအမြတ်ပို၍ရရှိသည်ဟု သိရသည်။

ဧပြီ ၂၆ ရက် ဆန်ဈေးကွက်တွင် ၂၅မှတ် ဆန်တစ်အိတ်လျှင် ကျပ် ၁၃၈၀၀ မှ ၁၄၂၀၀ အတွင်း၊ နှေဇီယာဆန်တစ်အိတ်လျှင် ကျပ် ၁၅၅၀၀ မှ ၁၇၀၀၀ အတွင်း၊ ပိုးဇီယာ ဆန်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ မှ ၁၈၀၀၀ အတွင်း၊ ဝေါကွဲတစ်အိတ်လျှင် ကျပ် ၁၉၀၀၀ မှ ၂၀၀၀၀ အတွင်း၊ ဝေါဆန်းဆန် တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ မှ ၂၈၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ ဝန်းကျင်ဈေးရှိကြောင်း သိရသည်။

၂-၃-၄ အမျိုးအစားဆန်ကွဲတစ်အိတ်လျှင် ယခင်ရက်ပိုင်းက ကျပ် ၉၅၀၀ ရှိရာမှ ယခုအခါ ကျပ် ၉၈၀၀- ၁၀၀၀၀ အတွင်း၊ ၁ ဆန်လတ်ဆန်ကွဲတစ်အိတ်လျှင် ယခင် ကျပ် ၁၀၅၀၀ မှ ယခု ကျပ် ၁၁၀၀၀ နှုန်းသို့မြင့်တက်လာကြောင်း၊ ဖွဲနု တစ်ပေါင်လျှင် ကျပ် ၆၀ နှုန်းမှ ၆၅ ကျပ်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

နယ်စပါးဈေးနှုန်းများမှာ မိုးစပါးကြမ်း ဈေးနှုန်း ပေါင် ၅၀ ကိုက် တင်းတစ်ရာလျှင် ယခင် ကျပ် လေးသိန်းဝန်းကျင်ရှိရာမှ ယခုအခါ ကျပ် လေးသိန်းငါးသောင်းဝန်းကျင်နှုန်းသို့လည်းကောင်း၊ နှေစပါးများမှာ သီးတပ်စပါး နှစ်တင်းလျှင် ၁၀၅ ပေါင်ကိုက်ဖြင့် တင်းတစ်ရာလျှင် ယခင် ၃၃၀၀၀၀-၃၅၀၀၀၀ နှုန်းရှိရာမှ ယခုအခါ ကျပ် ၃၅၀၀၀၀- ၃၇၀၀၀၀ နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

ယခင်နှစ် ဧပြီ တထိယပတ်အတွင်း နှေစပါးဈေးနှုန်းမှာ နှစ်တင်းလျှင် ၁၀၅ ပေါင်ကိုက် တင်းတစ်ရာလျှင် ကျပ် ၂၉၀၀၀၀-၃၀၀၀၀၀ နှုန်း၊ နှေဆန် တစ်အိတ်လျှင် ကျပ် ၁၁၅၀၀ မှ ၁၂၈၀၀ နှုန်း၊ မိုးဇီယာဆန် တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၊ ဝေါကွဲတစ်အိတ်လျှင် ကျပ် ၁၇၅၀၀ နှုန်း၊ ဝေါဆန်းဆန် တစ်အိတ်လျှင် ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ အတွင်း၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ဝန်းကျင်၊ ၂-၃-၄ အမျိုးအစား ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၈၀၀၀ နှုန်းဝန်းကျင်သာရှိကြောင်း သိရသည်။

ပြည်ပသို့ သဘောတင်ပို့မှုများ ယခုလပိုင်းတွင် အများအပြားရှိသည့်အတွက် ဆန်ကြမ်းဈေးနှုန်းများ မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ မြဝတီအဝို့ရှိ၍ ဆန်ကွဲဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ဝေါဆန်းဆန်ဈေးမှာ မြင့်တက်သည်ဆိုသော်လည်း ၂၀၁၂ ကာလတူဈေးနှုန်းကို မရောက်သေးကြောင်း ဆန်ဈေးကွက်မှ သိရသည်။ **(မောင်စေအောင်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၃ (တနင်္ဂနွေနေ့)

- ၇း၃၅ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁း၂၉ ကာတွန်းအစီအစဉ် အမှန်တရားရဲ့ရှုဘောဒ္ဓ (အပိုင်း-၁၂)
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဝမ်းနည်းမှုနဲ့တွေ့ဆုံခြင်း
- ၁း၃၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ ချစ်သူ (အပိုင်း-၄၂)
- ၄း၂၅ လျှပ်တစ်ပြက်
- ၆း၃၅ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တိမ်နက်ဖြိ (အပိုင်း-၂၇) -ပဟေဠိနန်းတော် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း Guns Of Navarone (နာဗာရွန်မှ လက်နက်ကြီး) (အပိုင်း-၂)

ပြည်တွင်းရေးရာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Hon. Mr. KANG Chang-hee ၏ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယမန်နေ့ ည ၁၀ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae-Yong နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦးနှင့် ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော် ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးမောင်၊ ဒေါက်တာနေလင်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့၏ ဖိတ်ကြားချက်အရ ဩစတြေးလျဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌ ဆီနိတ်တာ Hon. John Joseph Hogg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာ မြက်ဉာဏစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Bronte Nadine Moules နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

ဩစတြေးလျ ဥပဒေပြုအထက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့သွားရောက်၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံသည်။ **(သတင်းစဉ်)**

တောင်ကြီး ဧပြီ ၂၇

MNLMyanmar2013 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၉)အဖြစ် ကမ္ဘောဇအသင်းနှင့် ဇေယျာရွှေမြေ အသင်းတို့သည် ယနေ့ ညနေပိုင်းက တောင်ကြီးမြို့ရှိ KBZ ကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး တစ်လတာအကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်သည်။

ကမ္ဘောဇ - ဂိုးမရှိ
ဇေယျာရွှေမြေ - တစ်ဂိုး

(မာတင်)

❖ တစ်ရက်တည်း နှစ်ပွဲနိုင်မှု

ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ထင်းနစ်လောကနှင့် ကိုးလကြာကင်းကွာခဲ့ပြီးနောက် ပြန်လည်ကစားလာနိုင်ချိန်တွင် ယခုကဲ့သို့ အကောင်းဆုံး ယှဉ်ပြိုင်ကစားနိုင်ခဲ့၍ ဘာစီလိုနာ အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ ထက်လှမ်းနိုင်ခဲ့ခြင်းသည် ဝမ်းမြောက်ဂုဏ်ယူဖွယ်သတင်းဖြစ်ကြောင်းနှင့် ခက်ခက်ခဲခဲကစားပြီးမှ အောင်မြင်မှုရရှိခဲ့ခြင်းကြောင့် ကျေနပ်မိကြောင်း ရာဖေးလ်နာဒယ်က ဆိုသည်။

ရာဖေးလ်နာဒယ်သည် ယင်းသို့ အနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာ အိုးဝင်းဆီမီးဖိုင်နယ်တွင် ကနေဒါ ထင်းနစ်အကျော်အမော် မီလော့ရာအိုနစ်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အိမ်ကွင်း၌ ကမ္ဘောဇထပ်မံရှုံးနိမ့်

အဖွင့်ပွဲတွင် Southern အသင်းကို ရှုံးနိမ့်ပြီးကတည်းက ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိကစားထားသည့် ကမ္ဘောဇအသင်းမှာ မမျှော်လင့်ဘဲ အိမ်ကွင်း၌ ဒုတိယမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ကမ္ဘောဇအသင်းမှာ ဇေယျာရွှေမြေထက် ဂိုးသွင်းခွင့်ပိုရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို ပွဲပြီးခါနီးတွင် မာထင်ကသွင်းယူခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့သည်။

ယင်းပွဲစဉ်၏ ပထမပိုင်းအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးဆုရရှိကြသော ဇေယျာရွှေမြေအသင်းနည်းပြချုပ် ဦးစိုးမိုးနှင့် အသင်းခေါင်းဆောင် ဇော်လင်းထွန်းတို့အား ဆုကြေးငွေများပေးအပ်ချီးမြှင့်ခဲ့သည်။

ရှိုင်းထက်ဇော်

ယမန်နေ့က ကစားသောပွဲတွင် ရောဝတီအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

(ယနေ့ပွဲ)

(YUSC ကွင်း)

ရန်ကုန် - ဆောက်သမ်း

(သုဝဏ္ဏကွင်း)

မနောမြေ - ဟံသာဝတီ

(အောင်ဆန်းကွင်း)

ရခိုင် - မကွေး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံးဆုများ ချီးမြှင့်နေစဉ်။

တရုတ်နိုင်ငံ ကျန်ရှီပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်အရ ကြက်များကို ထုတ်သင်ရှင်းလင်းစဉ်၊

H_7N_9 ကြက်ငှက်တုပ်ကွေးရောဂါ တရုတ်နိုင်ငံတောင်ပိုင်းဒေသသို့ ပျံ့နှံ့

ရှန်ဟိုင်း မေ ၂၇

လူအသေအပျောက်ရှိသည့် H_7N_9 အမျိုးအစား ကြက်ငှက်တုပ်ကွေးရောဂါပိုးရပ်စ်ပိုးသည် တရုတ်နိုင်ငံတောင်ပိုင်းဒေသ ပြည်နယ်များသို့ ပျံ့နှံ့လာနေကြောင်း တရုတ်အစိုးရက မေ ၂၆ရက်တွင် ပြောကြားသည်။ ယင်းမှာ နှစ်ရက်အတွင်း ဒေသသစ်များသို့ ယင်းရောဂါပျံ့နှံ့မှုအတွက် ဒုတိယမြောက်ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း ယနေ့ ဖောအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

အသက် (၆၅)နှစ်အရွယ် အမျိုးသားတစ်ဦးသည် H_7N_9 ဗိုင်းရပ်စ် ကူးစက်ခံနေရကြောင်း တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ် ကျန်းမာရေးဗျူရိုမှ အတည်ပြုပြောကြားခဲ့သည်။

မေ ၂၆ရက်တွင်လည်း တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်ရှီးပြည်နယ်တွင် အသက် (၆၉) နှစ် အရွယ်အဘိုးအိုတစ်ဦး၌ ပထမဆုံးအကြိမ်အဖြစ် H_7N_9 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း အတည်ပြုပြောကြားသည်။

မတ် ၃၀ရက်တွင် သက်ရှိထူသားများ၌ H_7N_9 ဗိုင်းရပ်စ်ပိုးကူးစက်ခံရကြောင်း တွေ့ရှိရသည်ဟု တရုတ်အစိုးရက ကြေညာခဲ့ပြီးချိန်မှစ၍ ယခုအထိ တရုတ်နိုင်ငံတွင် ယင်းဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားခံရသူဦးရေ ၁၃၀ ရှိပြီဖြစ်ကြောင်း၊ ယင်းအနက်မှ လူ ၃၆ ဦးမှာ အဆိုပါရောဂါဖြင့်သေဆုံးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းရောဂါပိုး ကူးစက်မှုများမှာ တရုတ်နိုင်ငံ အရှေ့ပိုင်းဒေသတွင် အများဆုံးဖြစ်ပေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ။

လက်နက်တပ်ဆင်ထားသည့် ဒရုန်းများကို ဗြိတိန်ရှိ ဗဟိုလေတပ်စခန်းမှ ထိန်းချုပ်သည်ဟုဆို

လန်ဒန် မေ ၂၇

သက်နက်ထပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များကို ဗြိတိန်နိုင်ငံမှ ထိန်းချုပ်၍ အသုံးပြုလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပထမဆုံးအကြိမ်အဖြစ် ပြောကြားသည်။

ထင်ကွန်းရှိုင်းယားရှိ ဝက်ဒင်တန်တော်ဝင်လေတပ်စခန်းမှနေ၍ ရက်ပါ မောင်းသူမဲ့လေယာဉ်များ ပျံသန်းခြင်းကို ထိန်းချုပ်သည်ဟုဆိုသည်။

ဗြိတိသျှနှင့် နိုင်ငံစုံတပ်ဖွဲ့များကို အကူအညီပေးရန်အတွက် အာဖဂန်နစ္စတန်တွင် ရက်ပါ ၁၀ စင်း အခြေစိုက်ထားရှိသည်။ ယင်းလေယာဉ်များသည် သောင်းကျန်းသူများကို ထိုက်ခိုက်ရန်အတွက် ပေါင် ၅၀၀ ဗုံးများနှင့် ဟဲလ်ဖားဒုံးကျည်များ သယ်ဆောင်ပျံသန်းနိုင်သည်။

ယင်းတို့ကို အဝေးမှထိန်းချုပ်ပျံသန်းစေနိုင်သော်လည်း အဆင်းနှင့်အတက်တွင် ထူသားတို့၏ အကူအညီလိုအပ်သည်ဟုဆိုသည်။ **ဘီဘီစီ။**

တိုက်ခိုက်နိုင်

၎င်းတို့ကို ကင်းထောက်ခြင်းများအတွက် အဓိကထားအသုံးပြုခြင်းဖြစ်သော်လည်း ဗြိတိန်အခြေစိုက်စခန်းမှ လေယာဉ်မောင်းများက အမိန့်ပေးခဲ့လျှင် ထက်နက်များကို အသုံးပြု ထိုက်ခိုက်နိုင်သည်။

သက်သာစေ

အာဖဂန်နစ္စတန်၌ မောင်းသူမဲ့လေယာဉ်များ အသုံးပြုခြင်းကို ကာကွယ်ရေးဝန်ကြီးဌာနက ကာကွယ်ပြောကြားသည်။ ယင်းသို့အသုံးပြုခြင်းဖြင့် မရေမတွက်နိုင်သောစစ်သည်များနှင့် အရပ်သားများ၏ အသက်များ ဆုံးရှုံးရခြင်းမှ သက်သာစေမည်ဟုဆိုသည်။

ဗြိတိန်နိုင်ငံ လင်ကွန်းရှိုင်းယားရှိ ဝက်ဒင်တန်တော်ဝင်လေတပ်စခန်း၌ ကင်းထောက်လေယာဉ်တစ်စင်း၏ ထိန်းချုပ်ရေးခန်းမတွင် တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေစဉ်၊

အိန္ဒိယနိုင်ငံတွင် ဆေးရုံပြိုကျ၊ နှစ်ဦးသေဆုံး ၁၄ ဦးဒဏ်ရာရ

နယူးဒေလီ မေ ၂၇

အိန္ဒိယနိုင်ငံအလယ်ပိုင်း မက်ဒ်ဟာပရာဒက်ရှ်ပြည်နယ်တွင် မေ ၂၆ရက် ညနေပိုင်းက ဆေးရုံအဆောက်အအုံတစ်ခုပြိုကျရာ(**အပေါ်ပုံ**)အနည်းဆုံး လူနှစ်ဦး သေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။ ပြည်နယ်မြို့တော် ဘိုပါလ်ရှိ Kasturba Hospital အဆောက်အအုံအပျက်အစီးများအောက်မှ အမျိုးသမီးနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ အဆောက်အအုံမှာ နှစ်ပေါင်း ၅၀ နီးပါးသက်တမ်းရှိပြီဖြစ်ကြောင်းနှင့် သောကြာနေ့ ညနေ ၅ နာရီခန့်တွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက သတင်းမီဒီယာများသို့ ပြောကြားသည်။

ဒဏ်ရာရရှိသူ ၁၄ ဦးကို အခြားဆေးရုံများသို့ ပြောင်းရွှေ့ကုသပေးလျက်ရှိပြီး အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် အဆောက်အအုံများပြိုကျရခြင်း၏ အဓိကတရားခံမှာ ဆောက်လုပ်ရေးလုပ်ငန်း အရည်အသွေးညံ့ဖျင်းမှုကြောင့် ဖြစ်သည်။

ဆင်ဟွာ ။

ဖတ်ရှုဖွယ်ရာ နိုင်ငံတကာသတင်းအတိုအထွာ

အဲဘတ်စ်လေယာဉ် ၈ ဘီလီယံဖိုး တရုတ်ဝယ်ယူမည်

တရုတ်နိုင်ငံသည် ဥရောပကုမ္ပဏီတစ်ခုမှ အမေရိကန်ဒေါ်လာ ၈ ဘီလီယံ (ဝေါင် ၅ ဒသမ ၂ ဘီလီယံ)တန်ကြေးရှိ အဲဘတ်စ်လေယာဉ် အစင်း ၆၀ ဝယ်ယူရန် သဘောတူညီမှုရယူခဲ့ကြောင်း သိရသည်။ ယင်းသဘောတူညီချက်သည် ယခင်က ဥရောပသမဂ္ဂမှ နိုင်ငံရပ်ခြားသို့ လေယာဉ်ရောင်းချမှု တားမြစ်ပိတ်ပင်ထားခဲ့ပြီးနောက် ဝထမဆုံးအကြိမ် အရောင်းအဝယ် သဘောတူညီချက်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းသဘောတူညီချက်မှာ ပြင်သစ်သမ္မတ ဖရန်ကိုစ် ဟိုလန်ဒီ တရုတ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ် လာရောက်သည့်အချိန်တွင် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ဝယ်ယူမည် လေယာဉ်အမျိုးအစားများမှာ A 320 အဲဘတ်စ်လေယာဉ် ၄၂ စင်းနှင့် A 330 လေယာဉ် ၁၈ စင်းတို့ဖြစ်သည်ဟု သိရသည်။

ဘောလုံးလောက ဘဏ္ဍာငွေသုံးစွဲမှုဥပဒေ ဘရာဇီးအစိုးရ ချမှတ်ကိုင်မည်

ဥရောပဘောလုံးအဆင့်အတန်းမီစေရန် ရည်ရွယ်၍ ဘရာဇီးအစိုးရသည် ၎င်း၏နိုင်ငံမှ ဘောလုံးကလပ်အသင်းများ၏ ဘဏ္ဍာငွေကြေးသုံးစွဲမှုများကို ထိန်းချုပ်မည့် ဥပဒေသစ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်လိုက်ပြီဖြစ်သည်။ ယင်းစည်းမျဉ်းဥပဒေသစ်အရ ဘရာဇီးဘောလုံးအသင်းများသည် အသင်းတစ်သင်းစာ ကစားသမား ၂၅ ဦးစာရင်းအတွက် လစာငွေသုံးစွဲမှုကို ၎င်းတို့အသင်းတစ်သင်းစီ၏ စုစုပေါင်းဝင်ငွေ၏ ၆၀ ရာခိုင်နှုန်းကိုသာ သုံးစွဲရမည်ဖြစ်သည်။ ယင်းဥပဒေသစ်၏ ရည်ရွယ်ချက်မှာ ကလပ်အသင်းများအနေဖြင့် ကြွေးမြီကင်းရှင်းစေရန်နှင့် အသုံးစရိတ်မျှတကာမိမရှိစေရန်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ တာဝန်ရှိဝဂ္ဂုလ်တိုနင် ဟိုနက်စီမန်တိုက ဧပြီ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

စမတ်ဖုန်းရောင်းချမှု မထမဆုံးအကြိမ်အဖြစ် ဝမ်ချိန်တင်မြင့်တက်

၂၀၁၃ ခုနှစ် ပထမသုံးလတာကာလအတွင်း ကမ္ဘာတစ်ဝန်း စမတ်ဖုန်းရောင်းချရမှုမှာ ယခင်ယခင်ကာလများနှင့်မတူဘဲ ပထမဦးဆုံးအကြိမ်အဖြစ် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာ စမတ်ဖုန်း ရောင်းချရမှုကို ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခုအရသိရသည်။ ယခုနှစ် ပထမသုံးလတာကာလအတွင်း ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းချရမှုအရေအတွက်မှာ ၄၁၉ သန်းရှိပြီး စမတ်ဖုန်းရောင်းချရမှုမှာ ၂၁၆ သန်းရှိကာ မိုဘိုင်းဖုန်း ရောင်းချရမှုအားလုံး၏ ၅၁ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယင်းနှင့်ပတ်သက်၍ အီလက်ထရွန်နစ်ပစ္စည်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက တယ်လီဖုန်းအသုံးပြုသူများမှာ ၎င်းတို့၏ အိတ်တစ်အတွင်း ကွန်ပျူတာတစ်လုံးကဲ့သို့ အသုံးပြုနိုင်သည့် ဖုန်းတစ်လုံးကို အမြဲတစေဆောင်ထားလိုကြခြင်းကြောင့် စမတ်ဖုန်းရောင်းအားမှာ ယင်းသို့ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဟိန်းထက်လင်း - စုစည်းသည်

တောင်ညိုကျေးရွာ၌ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဖွင့်

နေပြည်တော် ဧပြီ ၂၇

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများနှင့် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်နှင့် မြန်မာနိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းရှိသော မိခင်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများအား ကျေးရွာအရောက် ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေသည် တွဲဖက်အတွင်းရေးမှူးများဖြစ်သည့် ဒေါ်တင်တင်ဝင်းနှင့် ဒေါက်တာဒေါ်ဂျူဂျူဆန်း၊ မေတ္တာစမ်းရေဆေးခန်းမှ ဒေါက်တာဒေါ်စမ်းစမ်းလိုင်၊ နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ဇမ္ဗူသီရိမြို့ ခုတင်(၂၀၀)ဆေးရုံကြီးမှ မျက်စိဆရာဝန် ဒေါက်တာဒေါ်လှမာလာတို့နှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုမြို့ရှိ

အခြေခံပညာအထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျန်းမာရေးအသိပညာပေး ဟောပြောကာ ဝေဒနာရှင်ပြည်သူများအား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။**(အပေါ်ပုံ)**

နံနက်ပိုင်းတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေသည် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီး စတင်ဖွဲ့စည်းတည်ထောင်ခဲ့မှုနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မေတ္တာစမ်းရေ ဆေးခန်းမှ ဒေါက်တာဒေါ်စမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျန်းမာရေးအသိပညာများကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက ကိုယ်ဝန်ဆောင် စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့် မီးယပ်သားဖွားဆိုင်ရာ ကျန်းမာရေးအသိပညာများကိုလည်းကောင်း၊ ဒေါက်တာတေးယဉ်အေးက သွားဆက်ခြားခြင်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေနှင့်အဖွဲ့ဝင်များက ရပ်ကွက်စာကြည့်တိုက်အတွက် သုတရသ စာအုပ်စာစောင်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအတွက် အိုင်အိုဒင်းဆား၊ တစ်ခါသုံး အနှီးဝတ်များနှင့် နို့မှုန့်များကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် မေတ္တာစမ်းရေ ဆေးခန်းမှ ဒေါက်တာဒေါ်စမ်းစမ်းလှိုင်နှင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၏ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ကာ ဒေသခံဝေဒနာရှင် ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးသည်။

ယနေ့တွင် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းအနေဖြင့် ကိုယ်ဝန်ဆောင်၊ သွားနှင့်ခံတွင်း ဝေဒနာရှင်၊ မျက်စိဝေဒနာရှင်၊ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် အခြားဝေဒနာရှင် စုစုပေါင်း ၃၄၆ ဦး ကျော်ကို အခမဲ့ ဆေးဝါးကုသပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင်များအတွက် ဆေးဝါးများကိုလည်း အခမဲ့ထောက်ပံ့ပေးအပ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ဦးဆောင်မှုဖြင့် မေတ္တာစမ်းရေဆေးခန်းမှ ဒေါက်တာဒေါ်စမ်းစမ်းလှိုင်နှင့် ဆရာဝန်၊ ဆရာမများက သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ နေပြည်တော်အတွင်းရှိ မြို့နယ်များ၌ (၂၄)ကြိမ်မြောက် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း ဖွင့်လှစ်ပြီး ဒေသခံဝေဒနာရှင်ပြည်သူ ၁၅၀၀၀ခန့်ကို အခမဲ့ ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

YCDC ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၇

မြန်မာဂေါက်သီးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူး၍ YCDC Cup Summer Golf Championship 2013 (Presented by Dagon Beverages) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ (၁၈)တျင်းပြိုင်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)ကွင်း၌ ဆက်လက်ကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ငွေသော်တာကလပ်၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် ဦးညီညီက အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး စုစုပေါင်း ၂၁၄ ချက်ဖြင့် တတိယဆုရရှိသော မျိုးဝင်းအောင်၊ သုံးရက်ပေါင်း ဒုတိယဆုရရှိသော သိန်းနိုင်စိုး၊ သုံးရက်ပေါင်း ငါးချက်လျှော့ဖြင့် ၂၁၁ ချက်ရိုက်ပြီး ဗိုလ်စွဲသွားသော ရဲထက်အောင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ကိုယ်စား အတွင်းရေးမှူး ဦးကျော်စိုးက Professionalအဆင့်ပြိုင်ပွဲတွင် သုံးရက်ပေါင်းရိုက်ချက် နှစ်ချက်လျှော့ စုစုပေါင်း ၂၁၄ ချက်ရိုက်ပြီး တတိယရရှိသော ဇော်ဇော်လတ်၊ သုံးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး ၂၁၁ ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း၊ သုံးရက်ပေါင်း ငါးချက်လျှော့ရိုက်ပြီး ၂၁၁ ချက်ဖြင့် (Play-off) ရိုက်ပြီး ဗိုလ်စွဲသွားသော သိန်းဇော်မြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Professional ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ချန်ပီယံ သိန်းဇော်မြင့်က ကျေးဇူးတင်စကားပြောကြားသွားသည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက ယခုပြိုင်ပွဲကို ကျင်းပပေးခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Co., Sponsors များဖြစ်ကြသော U YAN NAING, HAN GOLF MASTERS , IBTC Co., Ltd. KM GOLF CENTER, Taylor Made, CEO GROUP, 21 AD MEDIA, HINTHAR MEDIA, SINGTECH, Max 20, CITY GOLF RESORT HOTEL တို့တလည်း ထဝ်မံ၍ ပံ့ပိုးကူညီကြကြောင်း သိရသည်။

(ကြေးမုံ)

သုတစွယ်စုံစာပေဆု ရရှိသူများစာရင်း ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၇

စွယ်စုံမီဒီယာဂရု(ပ်) **(SweSone Media Group)**၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည် အဋ္ဌမအကြိမ် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ ဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာ စာပေဆုအတွက် ဦးမြင့်ထွေး (ဆရာမောင်မြင့်ထွေး)၊ ဝိဇ္ဇာဘာသာရပ်အတွက် မောင်သန်းဆွေ (ထားဝယ်)၏ "ထီးသတင်းနန်းသတင်း"၊ စာပဒေသာဘာသာရပ်အတွက် မောင်မောင်တင်၏ "လူနာ၊ သူနာပြု ဆရာဝန်နှင့် ကျွန်တော်"၊ ဘာသာပြန်ဘာသာရပ်အတွက် မောင်မြတ်မိုး၏ "မြန်မာ့အောင်ဆန်း"၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် တက္ကသိုလ်စိန်တင်၏ "အိုးဝေ ဦးညိုမြ ဘဝနှင့်စာပေ"၊ ရည်ညွှန်းစာပေ ဘာသာရပ်အတွက် မကြင်ဌေး၏ "လူမှုရေးဝထဝီဝင် အင်္ဂလိပ်-မြန်မာအဘိဓာန်"၊ သုတသိပ္ပံ ဘာသာရပ်အတွက် ဝါစီမျိုးမြင့်၏ "ဗိသုကာ၊ "ဗိသုကာပညာ"၊ အသုံးချ သိပ္ပံဘာသာရပ်အတွက် ဝါမောတ္ထရဲမြင့်ကျော် (ဒေါ်တာရဲ)၏ "မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ တလေးပြုစုစောင့်ရှောက်နည်းများ"တို့ဖြစ်သည်။

အထတ်ဝါဆုများတွင် တစ်သက်တာစာပေဆုအတွက် ငွေတျပ် ၁၀ သိန်းနှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေတျပ် ငါးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ **Chatrium Hotel** ၌ မေ ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၃၇၄၄၀၀၊ ၃၉၂၉၈၂ နှင့် ၃၈၅၂၉၃ တို့သို့ အမြန်ဆက်သွယ် သတင်းပို့ကြရန် အကြောင်းကြားထားကြောင်း သိရသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် အဋ္ဌမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် လုငယ်စာပေ၊ နိုင်ငံရေးစာပေ၊ လူမှုစီးပွားနှင့် နိုင်ငံတတာရေးရာဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်း မရှိသဖြင့် ဆုရှစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမှပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာချက်နှင့် အသိပေးတားမြစ်ချက်

D2 ... Three Dimension ... D-TWO ... ACTIVE ... ORIGINAL ... Denim Style ... D-TWO ... D2 FASHION ... D-TWO ... Three Dimension ... D2 ... ACTIVE ... ORIGINAL ... BRAND ... D-TWO ...

ညွှန်ကြားချက်အရ

ဆောင်းပါး

ခေါင်းကိုက်ပြီဆိုလျှင်

ဒေါက်တာကံညွန့်

မှတ်မိပါသေးသည်။ ယခင် ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ မျက်စိနှင့် နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီး၏ ပြင်ပလူနာဌာန မျက်စိရောဂါကုအခန်းတွင် ဖြစ်သည်။ အသက် (၂၀) အရွယ် မိန်းကလေး ကိုယ်ဟန်အနေအထားအရ ကျန်းကျန်းမာမာပင် ထင်ရသော်လည်း အထိုင်အထ အသွားအလာတွင် အနည်းငယ်နွေးကွေးနေဟန်ရှိနေသည်။ လှပ်ရှားမှုအာရုံစိုက်မှုသည်လည်း လေးလံနေဟန်ရှိသည်။ အပြင်ပန်းအနေဖြင့် မျက်စိ၏ အမြင်အာရုံကောင်း၊ မကောင်းကို စမ်းသပ်ကြည့်လိုက်သည်။ သာမန်လူတို့ထက် အနည်းငယ်လျော့ရှမှုလွဲ၍ သိသိသာသာ မချို့ယွင်းသေး။ သို့သော် သုံးလခန့် အမြဲတမ်းခေါင်းကိုက်နေသည် လူနာမိန်းတလေးငယ်အပြောကြောင့် မျက်စိ၏အတွင်းပိုင်းကို မျက်စိကြည့်ကိရိယာဖြင့် သေချာစွာ ကြည့်လိုက်မိပါသည်။ မျှော်လင့်ထားသလိုပင် လူနာမိန်းကလေး၏ မျက်စိနှင့်ဦးနှောက်ဆက်သွယ်ထားသည့် ပင်မအာရုံကြောသည် ရောင်ရမ်းနေလေသည်။ ပို၍သေချာအောင် လူနာ၏ ဦးနှောက်ကို ချက်ချင်းဓာတ်မှန်ရိုက်ရန် ရေးပေးလိုက်သည်။ ယင်းနေ့ ပြင်ပလူနာဌာနတွင် လာပြသည့် နံနက်ပိုင်း၌ပင် လူနာ၏ဦးနှောက်တွင်း၌ အလုံးအကျိတ်တစ်ခုရှိပြီဆိုသည်ကို သိနိုင်ဝေပြီ။ ချက်ချင်းပင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုပြင်ပလူနာဌာနသို့ ယင်းဓာတ်မှန်နှင့်အတူ စာရေး၍ စေလွှတ်လိုက်သည်။ နောက်တစ်နေ့တွင်ပင် လူနာနှင့် အဖော်အဖြစ်ပါလာသူက လာပြောသည်။ လူနာကို ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနတွင် ဆေးရုံတင်ထားပြီးဖြစ်ကြောင်း။

နောက်နှစ်လ ပြင်ပလူနာဌာနတွင်ပင် ဖြစ်သည်။ ခေါင်းတုံးရိတ်ထားသဖြင့် ခေါင်းစည်းလေးစည်းထားသော မိန်းကလေးတစ်ဦးသည် ကျွန်တော့်စားပွဲရှေ့တွင် ပင်ထိုင်လိုက်သည်။ နောက်ပြီး သူ၏လူနာမှတ်တမ်းကတ်ပြားလေးကိုပါ ကျွန်တော့်ရှေ့တွင်ပြရင်း "ကျွန်မကို မှတ်မိသေးရဲ့လားဆရာ"ဟု မေးသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော် မမှတ်မိတော့။ "လွန်ခဲ့တဲ့ နှစ်လလောက်က ဆရာကြည့်ပြီး ဦးနှောက်နှင့်အာရုံကြောကို လွှတ်လိုက်တဲ့ လူနာလေ"ဟု ပြောတော့မှ ကျွန်တော်သတိရတော့သည်။ ယခုတော့မူ ယခင်တလို လေးလေးပင်ပင် ငေးငေးငိုင်ငိုင် မဟုတ်တော့။ သွက်သွက်လက်လက်ဖြစ်နေပြီ။ သူယူခဲ့သည့် ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုဌာနမှ ရေးပေးလိုက်သော စာကလေးကို ဖတ်လိုက်မိသည်။ သူ့အား ဦးနှောက်နှင့်အာရုံကြောသွားရာလမ်းမကြီးမှ အလုံးအကျိတ်ကို ဖယ်ထုတ်လိုက်ပြီးဖြစ်၍ ယခင် မခွဲစိတ်ခင်ကနှင့် ယခုခွဲစိတ်ပြီး အမြင်အာရုံ မျက်စိမြင်ကွင်း စသည့် အခြေအနေပြောင်းလဲလာပုံတို့ကို စစ်ဆေးပေးပါမည့်အကြောင်း၊ ကျွန်တော်လည်း ယင်းအခြေအနေများကို စစ်ဆေး၍ မှတ်တမ်းပြုကာ ရေးပေးလိုက်သည်။ လူနာမိန်းကလေးသည်ကျေးဇူးတင်ကြောင်း ပြောကာ ကျွန်တော့်ထံမှ ပြန်၍ထွက်သွားတော့သည်။

ကျွန်တော်သည် လူနာမိန်းကလေးကိုကြည့်ရင်း စဉ်းစားနေမိသည်။ ခေါင်းကိုက်သည်ဆိုပြီး ရောက်လာသော လူနာ။ သူ့လိုပဲ ခေါင်းကိုက်သည်၊ မျက်စိကိုက်သည်၊ ဇက်ကြောတက်သည်ဆိုကာ ရောက်လာသည့် လူနာသည် မျက်စိပြင်ပလူနာဌာနတွင် နေ့စဉ်ပျမ်းမျှ ၂၀၀ မှ ၃၀၀ ခန့် ထိရှိလေသည်။ ယင်းလူနာများထဲမှ သုံးလလုံးလုံး ဆက်တိုက် ခေါင်းကိုက်နေသည်ဆိုသော ထိုမိန်းကလေး၏ အပြောကြောင့်သာ လူနာမြောက်မြားစွာ၏ ကြားထဲမှ ယင်းလူနာမိန်းကလေး၏ရောဂါကို ရှာဖွေတွေ့ရှိနိုင်ခြင်း ဖြစ်ပေသည်။

လူနာ၏ သတိထားမှု၊ လူနာ၏ အပြော၊ လူနာ၏ ခံစားနေရမှုတို့သည် ရောဂါရှာဖွေရာတွင် ဆရာဝန်များအား များစွာအထောက်အကူပြုသည်ဆိုခြင်းမှာ ယုံမှားစရာ မရှိချေ။

ခေါင်းကိုက်ခြင်းသည် လူတိုင်းခံစားဖူးသော ဝေဒနာဖြစ်လေသည်။ ခေါင်းမကိုက်ဖူးသူဟူ၍ မရှိချေ။ သို့သော် ခေါင်းကိုက်ခြင်းသည် ဆက်တိုက်ဖြစ်ပေါ်လာက စဉ်းစားရတော့မည်ဖြစ်ပါသည်။ ခေါင်းကိုက်ခြင်းသည် သာမန်တစ်ခါတစ်ရံမျှသာမဟုတ်ဘဲ နေ့စဉ်အလုပ်လုပ်ရာတွင်ပါ အနှောင့်အယှက်ဖြစ်အောင် ကိုက်လာပြီဆိုက ပြဿနာတစ်ရပ်အနေဖြင့် ဖြေရှင်းရတော့မည်ဖြစ်သည်။

ခေါင်းကိုက်ရခြင်း အကြောင်းများတွင် (၁)ဦးခေါင်းကြွက်သားများ ကြာရှည်စွာ အလုပ်လုပ်ခြင်းကြောင့်ဖြစ်ခြင်း၊ (၂)ဦးနှောက်သွေးကြောများ အခြေအနေပြောင်းလဲမှုကြောင့်ဖြစ်ခြင်း၊ ဤအခြေအနေမျိုးတွင် Migraine ခေါ် ခေါင်းကိုက်ခြင်းမျိုးလည်း ပါဝင်ပေသည်။ (၃) ဦးနှောက်တွင်း အလုံးအကျိတ်ထစ်ခုခုကြောင့်ဖြစ်ခြင်း စသည့် အခြေခံအကြောင်း သုံးခုရှိပေသည်။ ယင်းအကြောင်းများအနက် အမှတ်(၁)ဖြစ်သည့် ဦးခေါင်းကြွက်သားများ ကြာရှည်စွာ အားပြုရခြင်းကြောင့်ဖြစ်သည့် ခေါင်းကိုက်ခြင်းမျိုးသည် အဖြစ်အများဆုံးဖြစ်ပြီး နေ့စဉ် လုပ်သားပြည်သူအများစု ခံစားနေရသည် ခေါင်းကိုက်ခြင်းမျိုး ဖြစ်ပေသည်။ ယင်းအကြောင်းများဖြင့် ဆက်နွှယ်ကာ ခေါင်းကိုက်ခြင်းသည် မျက်စိရောဂါ၊ နား၊ နှာခေါင်းရောဂါ၊ သွားနှင့်မေးရိုးရောဂါ၊ လည်ပင်းအပေါ်ပိုင်းရောဂါ၊ သွေးတိုးရောဂါ၊ ဦးခေါင်းထိခိုက်ဒဏ်ရာ ရောဂါတို့နှင့် မူးတွဲ၍လည်း ဖြစ်ပေါ်နိုင်လေသည်။ ထို့ကြောင့် ခေါင်းကိုက်သည်ဆိုတိုင်း ဦးနှောက်အတွင်း ရောဂါလောက်သာ စဉ်းစား၍ မဖြစ်ပေ။

မျက်စိ၊ နား၊ နှာခေါင်း၊ သွားနှင့်မေးရိုး၊ လည်ပင်း အပေါ်ပိုင်းစသည်တို့တွင်ပါ ရောဂါရှိ မရှိနှင့် သွေးကိုး ရောဂါအဖြေအနေကိုပါ စစ်ဆေးကြည့်ရန် လိုပေသည်။ လူနာများတလည်း ယင်းအစိတ်အပိုင်းများတွင် ဝေဒနာခံစားရမှု ရှိ၊ မရှိကိုပါ သတိထားမိကြရန်လိုပေသည့်။ ယင်းသို့ မျက်စိ၊ နား၊ နှာခေါင်း၊ သွား စသည့် တစ်ခုခုနှင့် ပူးတွဲဖြစ်ပေါ်လာပါက ခေါင်းကိုက်ခြစ်းသည် ပူးတွဲဖြစ်ပေါ်ရာ နေရာဘက်မှ အစပြုလျှက် ယင်းဖြစ်ပေါ်ရာ နေရာဘက်တွင် ပို၍ခံစားရတတ်လေသည်။ ၎င်းအပြင် ယင်းတို့နှင့် သက်ဆိုင်သည့် အာရုံခံစားရမှုများတွင်လည်း ပြောင်းလဲသွားတတ်ပေသည်။

ဥပမာ မျက်စိကြောင့် ခေါင်းကိုက်ခြင်းမျိုး၊ မျက်စိတွင် မျက်မှန်တပ်ရန်လို၍ ခေါင်းကိုက်ခြင်း၊ မျက်စိထောင့်ကျဉ်းရေတိမ်ရောဂါကြောင့် ခေါင်းကိုက်ခြင်း၊ မျက်စိအာရုံကြောထိပ်ပိုင်း ရောင်ရမ်းခြင်းကြောင့် ခေါင်းကိုက်ခြင်း၊ မျက်စိအတွင်းရောင်ရမ်းသည့် ရောဂါကြောင့် ခေါင်းကိုက်ခြင်း စသည်တို့ရှိလေသည်။ မျက်မှန်တပ်ရန်လို၍ ခေါင်းကိုက်ခြင်းမျိုးသည် ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခြင်းမျိုးမတုတ်ဘဲ သာမန်ခေါင်းကိုက်ခြင်းမျိုးလောတ်သာ ဖြစ်၍ မျက်စိကိုက်ခြင်း၊ ခေါင်းကိုက်ခြင်းသည် စာကြည့်များခြင်း၊ အဝေးကြည့်များခြင်း စသည့် မျက်စိအာရုံစိုက်ရမှုတို့တွင် ပိုဆိုးစေပါသည်။ ကျန်ရောဂါများဖြစ်သည့် ထောင့်ကျဉ်းရေတိမ်ရောဂါ၊ မျက်စိအတွင်း ရောင်ရမ်းသည့် ရောဂါတို့တွင် ခေါင်းကိုက်ဖြစ်ပီးသည် မျက်စိနီရဲခြင်း၊ မျက်စိရတ်တရက် မှုန်ဝါးသွားခြင်း၊ အော့အန်ခြင်း၊ ဇက်ကြောတက်ခြင်း စသည့် လက္ခဏာများဖြင့် ယှဉ်တွဲဖြစ်ပေါ်၍ ခေါင်းကိုက်ခြင်းသည်လည်း ရောဂါစဖြစ်သည့် မျက်စိဘက်ခြမ်းတွင် ပိုဆိုးတတ်ပေသည်။

ထို့ကြောင့် ခေါင်းကိုက်သည်ဆိုလျှင်

၁။ တစ်ခါတစ်ရံပဲ ကိုက်သလား၊ ဆက်တိုက် ကိုက်နေတာလား၊ တစ်လတစ်ခါ မှန်မှန် ကိုက်နေသလား၊ ရာသီဥတုနဲ့ တိုက်ဆိုင်သလား၊ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လို စပေါ်သလဲ၊ ဘယ်လိုအနေအထားတွင် သို့မဟုတ် ဘာလုပ်ရင် ခေါင်းကိုက်ခြင်းကို ပိုဆိုးသလဲ။ (ဥပမာ နှာချေရင်၊ ချောင်းဆိုးရင်၊ ဝမ်းညှစ်ရင်)

၂။ ဘာလုပ်လျှင် ခေါင်းကိုက်တာ သက်သာလဲ။

၃။ ခေါင်းကိုက်တာဟာ ဘာနဲ့ယှဉ်တွဲပြီး ဖြစ်ပေါ်သလဲ။ (ဥပမာ-မူးဝေတာ၊ အော့အန်တာ၊ သတိလစ်တာ၊ အပြင်းဖျားတာ၊ ဇက်ကြောတက်တာ)

၄။ မျက်စိ၊ နား၊ နှာခေါင်း၊ သွား၊ လည်ပင်းတို့မှာ ရောဂါခံစားနေရတာရှိသလား။

၅။ ခေါင်းကိုက်တာဟာ ဦးခေါင်းဒဏ်ရာရပြီးမှ ကိုက်တာလား။

စသည့်အချက်များကို သတိထားကြည့်ရန် လိုပေသည်။ ခေါင်းကိုက်ခြင်းသည် မည့်မျှပင် ပြင်းပြင်းထန်ထန်ကိုက်ခြင်းဖြစ်စေကာမူ တစ်ခါတစ်ရံသာ ကိုက်သည်။ အကိုက်အခဲပျောက်ဆေးတစ်ခုခုကို သောက်လိုက်လျှင် အလျဉ်းပျောက်သွားသည်ဆိုပါက အရေးမကြီးပေ။

ခေါင်းကိုက်ခြင်းက အောက်ပါအချက်တစ်ခုခုနှင့် ပူးတွဲဖြစ်ပေါ်သည့်ဆိုလျှင် ဆရာဝန်နှင့်ပြရန် အထူးအရေးကြီးပါသည်။ ၎င်းအချက်များမှာ

၁။ နဂိုက တစ်ခါမှ ခေါင်းမကိုက်ဖူးဘဲ အခုမှ ထူးထူးခြားခြား ခေါင်းကိုက်လာပြီဆိုရင်

၂။ ခေါင်းကိုက်တာဟာ ကျောင်းတက်တာ၊ အလုပ်လုပ်တာတွေကို မသွားနိုင်၊ မလုပ်နိုင်အောင် ဆက်တိုက်ဖြစ်ပြီဆိုရင်

၃။ ခေါင်းကိုက်တာ၊ မူးဝေတာ၊ အော့အန်တာ၊ သတိလစ်တာ၊ ဇက်ကြောတက်တာ၊ မျက်စိမှုန်တာ၊ ပုံရိပ်နှစ်ရိပ်မြင်တာ၊ ခြေလက်ထုံကျင်တာတွေနဲ့ ပူးတွဲဖြစ်ပေါ်လာရင်

၄။ ခေါင်းကိုက်တာဟာ မျက်စိ၊ နား၊ နှာခေါင်း၊ သွားစတဲ့ ဦးခေါင်းက အစိတ်အပိုင်းတစ်ခုခုနှင့် ဆက်စပ်ဖြစ်ပေါ်လာရင်

၅။ ခေါင်းကိုက်တာဟာ ဦးနှောက်ဒဏ်ရာတစ်ခုခုရပြီးမှ ဖြစ်လာတာဆိုရင် အလွန်အရေးကြီးပါသည်။

ထို့ကြောင့် ဖော်ပြပါအချက်များကို သတိထား၍ မိမိခံစားရပုံကို သေချာစွာပြောပြနိုင်ပါက မိမိခေါင်းကိုက်ရောဂါအတွက် တာရှည်စွာမခံစားရဘဲ ဆရာဝန်သမားတော်များအား ရောဂါရှာဖွေရာနှင့် ကုသရာတွင် များစွာအထောက်အကူပြုနိုင်ကြောင်းနှင့် ခေါင်းကိုက်ခြင်းသည် အထက်ပါအချက်များနှင့် ယှဉ်တွဲဖြစ်ပေါ်လာပါက အန္တရာယ်ရှိနိုင်သဖြင့် စောစီးစွာ ကုသမှုခံယူကြဖို့ တင်ပြလိုက်ရပါသည်။ ။

ကျပ် ၁၅၀၀ တန်ဖုန်းများ ဝယ်ယူသူများဖြင့် စည်ကားများပြား

ရန်ကုန် မေ ၂၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ် ၁၅၁၀ ဖြင့်ချထားပေးသည် တန်ဖိုးနည်းဖုန်းဆင်းကတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ရောင်းချပေးလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မေ ၂၆ ရက်မှစ၍ ကျေးလက်ဒေသနေပြည်သူများသို့ မဲစနစ်ဖြင့် ဆင်းကတ်များရောင်းချပေးလျက်ရှိသည်။

"မြန်မာ့ဆက်သွယ်ရေးကသတ်မှတ်ထားတဲ့ ဈေးနှုန်းနဲ့ သက်ဆိုင်ရာမြို့နယ်ထွေ/အုပ်မှာ စာရင်းသွင်းပြီး မဲစနစ်နဲ့ ရောင်းချပေးပါတယ်။ မဲနှိုက်တဲ့နေရာမှာလည်း ထင်သာမြင်သာရှိအောင် ကျေးရွာအထောက်အကူပြုကော်မတီနဲ့ ရပ်မိရပ်ဖအားလုံးက ဖုန်းလိုအပ်တဲ့သူတွေရှေ့မှာ ဆောင်ရွက်ပေးပါတယ်။ အခုကကတော့ အမှန်တကယ်အသုံးပြုချင်သူတိုင်းကို ရစေချင်ပါတယ်"ဟု ဘုရားကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက ပြောသည်။

သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်းကိုးရွာပါပင်မြီး ဖုန်းလျှောက်ထားသူ ၅၆၆ ဦးရှိကာ ဆင်းကတ်ခွဲတမ်းမှာ ၄၆၇ ကတ်ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက ဖုန်းတစ်လုံးကို ၁၅ သိန်း၊ သိန်း ၂၀ ဝန်းကျင်ဆိုတော့ လူတန်းစားမရွေးမကိုင်နိုင်ပါဘူး။ အခုတော့ ဆင်းကတ်တစ်ခုကို ကျပ် ၁၅၀၀ နဲ့ချပေးလို့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်၊ လူတိုင်းဖုန်းအသုံးပြုခွင့်ရလို့ ပမ်းသာကျေနပ်ပါတယ်"ဟု ဘုရားကုန်းကျေးရွာမှ ဖုန်းမဲပေါက်သူ မသင်းသင်းခိုင်က ပြောသည်။

အဆိုပါ ဆင်းကတ်ထုတ်ပေးရာ အုပ်ချုပ်ရေးမှူးရုံး၌ပင် ကတ်ထုတ်ယခွင့်ရသူများအဆင်ပြေစေရေးအတွက် ပြင်ပအရောင်းဆိုင်များမှ ဟန်းဆက်များ စောင့်ဆိုင်းရောင်းချပေးလျက်ရှိသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

အောင်ကျော်ဦး (ကြေးမုံ)

သန်လျင်မြို့ မမြောက်ရပ်ကွက် တန်ဖိုးနည်းဖုန်း ၂၃ လုံးရရှိ

သန်လျင် မေ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့မဖြောက်ရပ်ကွက်အကွပ်းရှိ ပြည်သူများအား ကျပ်၁၅၀၀ တန်တန်ဖိုးနည်းဖုန်းရောင်းချပေးမှုကို မေ ၂၃ ရက် ညနေ ၆ နာရီက အဆိုပါရပ်ကွက် မြို့မမြောက် အမကကျောင်း၌ ကျင်းပရာ လျှောက်လွှာတင်သူ ၃၀၀ ရှိကာ နာမည်ခေါ်မဲနှိုက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ရာ ဇာတ်ရုလမ်းမှ ၁၀ ဦး၊ မြို့မလမ်းမှ လေးဦး၊ လမ်းမတော်လမ်းမှ နှစ်ဦး၊ အောင်မင်္ဂလာလမ်းမှ သုံးဦး၊ ဈေးချိုလမ်းမှ နှစ်ဦး၊ ဒေါနလမ်းမှ တစ်ဦး စုစုပေါင်း ၂၃ ဦးရရှိခဲ့ကြောင်း သိရသည်။

(၆၀၈)

ချိန်ခါမရွေး သတိမေး မီးဘေးကင်းဝေးမှာ

ပြည်တွင်းရေးရာ

မိုဘိုင်းတင်းနှင့် ဝန်းရံနေသော ရန်သူများ

သတင်းဆောင်းပါး-ဝေဝင်းမောင်

သတင်းဓာတ်ပုံ-ဘုန်းသော်(ဝေ)

နိုင်ငံတော်သမ္မတရုံး၏ ၁၂. ၁၂. ၂၀၁၂ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၉၇/၂၀၁၂)ဖြင့် မူဆယ်-မန္တလေး ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် Mobile Team လရ - ၁၊ မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် Mobile Team လရ- ၂ တို့ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။

မြဝတီ-ရန်ကုန် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ရှိနေသည့် Mobile Team လရ- ၂ တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဌာန ညွှန်ကြားရေးမှူးအပါအဝင် ဝန်ထမ်း ၁၈ ဦး၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၁၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၉ ဦး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ် နှစ်ဦး၊ ကုန်သည်ကြီးများအသင်း ကိုယ်စားလှယ်တစ်ဦး၊ သတင်းမီဒီယာအဖွဲ့မှ နှစ်ဦး၊ ဒေသခံအလုပ်သမား ၂၀ စုစုပေါင်း ၈၄ ဦး တို့ဖြင့် နေ့/ည ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်နေကြသည်။

Mobile Team အဖွဲ့များကို ဖွဲ့စည်းရာတွင် စားသုံးသူအကာအကွယ်ပေးရေး၊ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ မှန်မှန်ကန်ကန်ရရှိရေး၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လျက်ရှိခြင်းများကြောင့် Mobile Team အဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ရခြင်းဖြစ်သည်။

Mobile Team လရ - ၂ သည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်း၊ အသစ်ဆုံရာ ညောင်ခါးရှည်-ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံတွင် ယာယီအခြေစိုက်စခန်းဖွင့်လှစ်၍ ထိုင်း-မြန်မာနယ်စပ် (မြဝတီ-မဲဆောက် ကုန်သွယ်ရေးဇုန်)မှ ရောက်ရှိလာသည့် မော်တော်ယာဉ်များ မွန်ပြည်နယ်၊ မော်လမြိုင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုစသည် မြို့များမှ ရောက်ရှိလာသည် မော်တော်ယာဉ်မျိုးစုံကို စစ်ဆေးခဲ့ရာတွင် ၁၂. ၁၁. ၂၀၁၂ ရက်မှ ၂၀. ၁. ၂၀၁၃ ရက်အထိ နှစ်လတာကာလကို ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

Mobile Team လရ - ၂ သည် မြင်းလှသည် နေပူရှိန်ကို အန်တုချ၍ နိုင်ငံတော်အတွက် အားကြိုးမာန်တက်ဆောင်ရွက်ရာတွင် ဂျူတီယာဉ်ကြီးများကို စစ်ဆေးခြင်းနှင့် ခရီးသယ်တင်ယာဉ်အမျိုးမျိုးကို စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။ နိုင်ငံတော်မှ ကန့်သက်ထားသည့် အရက်၊ စီးကရက်၊ ဘီယာ အမျိုးမျိုးတို့မှလွဲ၍ ကျန်ပစ္စည်းများကို မိမိတို့လိုသလောက် တရားဝင်လိုင်စင်ပြုလုပ်၍ အခွန်ပေးဆောင်ခြင်းဖြင့် လွတ်လပ်စွာ သယ်ယူနိုင်သည်။

Mobile Team လရ - ၂ သို့ ရောက်ရှိလာသည် ဂျူတီယာဉ်ကြီးများတွင် ငါးစီးလျှင် တစ်စီး မဲနှိုက်၍ မဲပေါက်သောယာဉ်ကို ရာနှုန်းပြည့် ဖွင့်ဖောက် စစ်ဆေးသည်။ ကျန်သောလေးစီးကို ဂျူတီစာရွက်ပေါ်တွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးသည်။ ကုန်သည်၊ ပွဲစားလုပ်ငန်းရှင်ကြီးများသည် ဂျူတီစာရွက်ပေါ်တွင် အခွန်ပေးဆောင်သည်က တစ်မျိုး၊ ကားပေါ်တွင် ပါလာသည့် ကုန်ပစ္စည်းက တစ်မျိုး ကွဲလွဲချက်များ ရှိလာပါက အပိုတင်ဆောင်လာသည် ပစ္စည်းအားလုံးကို အကောက်ခွန်ဥပဒေနှင့်အညီ သိမ်းဆည်းခြင်းများ ပြုလုပ်သည်။

တစ်နိုင်တစ်ပိုင် သယ်ဆောင်လာကြသည့် ခရီးသည်များ၏ ပစ္စည်းများကို သိမ်းဆည်းခြင်းမပြုသော်လည်း တောင်ထန်းတင်ကားများ၊ ထုံးအိတ်တင်ကားများ၊ ကျောက်စရစ်တင်ကားများ၊ အုန်းသီးတင်ကားများနှင့် သတ္တု၊ ကုလားပဲတင်ကားများတွင် နည်းမျိုးစုံ သိုဝှက်ယူလာသော လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ပစ္စည်းများကို သိမ်းဆည်းခဲ့သည်။

ဤသို့ သိမ်းဆည်းခဲ့သည်အတွက် ၂၁. ၁. ၂၀၁၃ ရက်မှ ၁. ၄. ၂၀၁၃ ရက်အထိ သုံးလကျော်ကာလတွင် Mobile Team လရ - ၂ မှ နိုင်ငံတော် အခွန်ဘဏ္ဍာငွေအဖြစ် အပ်နှံပြီး ခန့်မှန်းတန်ဖိုးငွေမှာ ၈၆၁၄၂၃၂၁၃ ကျပ် ဖြစ်သည်။

Mobile Team အဖွဲ့များပေါ်လာသည့်အတွက် ခရိုနီအကြီးစားကုန်သည်ပွဲစား လုပ်ငန်းရှင်များက မကျေနပ်ကြဘဲ နည်းမျိုးစုံသုံး၍ တိုက်ခိုက်လာကြသည်။ ပြင်ပသတင်းမီဒီယာများကို အခကြေးငွေပေး၍ မရေမရာသတင်းအရင်းအမြစ်များကို မမှန်မကန် လုပ်ကြံရေးသားစေခဲ့သည်။

ဂျူတီပါသော ပစ္စည်းများကို သိမ်းယူသည်။ ဂျူတီမပါသော ယာဉ်များကို လွှတ်ပေးသည်။ "သူတို့နှင့်ညှိထားတဲ့ ကားဆိုမဖမ်းဘူး၊ နည်းနည်းပါးပါး ပစ္စည်းတွေပါလာတဲ့ Light Truck ကားတွေလောက်ပဲ ဖမ်းတာပါ၊ နောက်ကြည့်မှန်တွင် ပဝါအနီစလေး ချည်နှောင်ထားတဲ့ ကားဆိုရင် မဖမ်းဘူး"ဟူသော အခြေအမြစ်မရှိသည် သတင်းများဖြစ်ပါသည်။

ကားအချို့က ကားရပ်ခိုင်းသည်ကို ရပ်မပေးဘဲ မောင်းပြေးခြင်း၊ ရှောင်ပြေးလမ်းမှ ကုန်ပစ္စည်းများသယ်ယူခြင်း၊ အဖွဲ့အချို့ကို ခုတုံးလုပ်၍ ပွဲစားလုပ်ခြင်း၊ အချို့လူဟောင်းများက Mobile Team အဖွဲ့ဝန်းကျင်သို့ လာရောက်၍ ပွဲစားလုပ်ရန် ကြိုးပမ်းခြင်း စသည်များသည် Mobile Team အဖွဲ့ကို ပျက်စီးစေရန် ကြိုးပမ်းမှုများဖြစ်သည်။

မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိလာသည် မော်တော်ယာဉ်များကို စစ်ဆေးခဲ့ရာတွင် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ပုပ်သိုးလှယ်သော ကြက်အသဲ၊ အမြစ်များ၊ အသားတုံး (အစို)များကို စနစ်တကျ ဖျက်ဆီးခဲ့ခြင်း၊ အရက်၊ ဘီယာအမျိုးမျိုးတို့ကို သိမ်းဆည်းခဲ့ခြင်း၊ အကောက်ခွန်မဲ့ လိုင်စင်မဲ့ ကန့်သတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို သိမ်းဆည်းခဲ့ခြင်းများ ပြုလုပ်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း မဟုတ်ဘဲ Mobile Team အဖွဲ့၏ ဆုံးဖြတ်ချက်များဖြင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Mobile Team အဖွဲ့ ဘယ်တော့ရပ်သိမ်းမှာလဲ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘယ်အချိန်မှာ တာဝန်ယူမှာလဲဟူသော မေးခွန်းများကို မေးနေသူတွေရှိနေသည်။ သူတို့၏ မေးခွန်းများနောက်ကွယ်တွင် ဒီအဖွဲ့တွေမရှိလေ ကောင်းလေဟု သဘောထားရှိကြသည်။ စည်းကမ်းတကျ၊ နည်းလမ်းတကျ ဆောင်ရွက်နေခြင်းကို သူတို့မကြိုက်ကြ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော ဟူသော ကိုယ်ကျိုး ရှာဝါဒရှိနေကြသည်။ သူတို့သည် Mobile Team အဖွဲ့ကြီး ပျက်စီးစေရန် ဝန်းရံနေသော ရန်သူများ ဖြစ်သဖြင့် အစဉ်အမြဲသတိရှိရန် လိုအပ်မည်ဖြစ်သည်။

မေ ၂၇ ရက်က လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဘုရင့်နောင်လမ်း သိန်းဦးဆာဗစ်ကုမ္ပဏီဝင်းအတွင်းရှိ သစ်လုံးများအောက်တွင် မီးခိုးများထွက်နေကြောင်း သတင်းပေးပို့သဖြင့် မီးသတ်ဦးစီးဌာန လှိုင်မြို့နယ်မှ မီးသတ်ယာဉ်များနှင့် အခြားမြို့နယ်များမှ မီးသတ်ယာဉ် ၁၇ စီး ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဉ်။ (၅၄၃)

ငွေကျပ် ၀၅၀၀ တန်ပုနိုးဆင်းကတ်များ ရောင်းချမှုနှင့်အတူ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ အရည်အသွေးကို သိရှိနိုင်

ရန်ကုန် မေ ၂၇

တန်ဖိုးနည်း ၁၅၀၀ တန် မိုဘိုင်းဖုန်းဆင်းကတ်များ ရောင်းချလာမှုနှင့်အတူ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ စီမံခန့်ခွဲလုပ်ဆောင်နိုင်သော အရည်အသွေးကို သိရှိနိုင်သည်ဟု ဝေဖန်ထောက်ပြမှုများရှိကြောင်း ရန်ကုန်မြို့နေဒေသခံများထံမှ သိရသည်။

အဆိုပါ ဖုန်းချထားပေးခြင်းနှင့် ပတ်သက်၍ ရပ်ကွက်/ကျေးရွာ များတွင် လုပ်ဆောင်ပေးသော ပုံစံအမျိုးမျိုးရှိခဲ့ပြီး ဒီမိုကရေစီနည်းကျကျဖြင့် လူထုစိတ်ကျေနပ်ကာ ပြီးစီးသွားခြင်းများရှိသော်လည်း မကျေမလည်မှုများဖြင့် ပြဿနာများစွာ ကြုံခဲ့သည် ဖြစ်စဉ်များလည်းရှိခဲ့ကြောင်း သိရသည်။ "ဒါကဘာကိုပြသလဲ ဆိုတော့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေရဲ့ ဘယ်လောက်စီမံခန့်ခွဲနိုင်မှု ကောင်းတယ်၊ ဒီမိုကရေစီကျကျနဲ့ သိက္ခာသမာဓိရှိစွာ ဘယ်လောက်အထိ ဆောင်ရွက်နိုင်တယ်ဆိုတဲ့ဟာကို စာမေးပွဲစစ်တဲ့ပုံစံလိုပါပဲ။ ဒီပုဂ္ဂိုလ်တွေရဲ့အရည်အသွေးကို အခုချပေးတဲ့ ဖုန်းကိစ္စမှာ လူထုအနေနဲ့ ထင်သာမြင်သာတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်"ဟု အဆိုပါ ဖုန်းချထားပေးသည် နည်းလမ်းများကို လေ့လာစောင့်ကြည့်နေသော အငြိမ်းစားအရာရှိတစ်ဦးက ရှင်းပြသည်။

ယခု မေလအတွင်းတွင် တန်ဖိုးနည်းဖုန်းဆင်းကတ်များချပေးခြင်းများသည် ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း လာမည့်လတွင် ဒုတိယအကြိမ်မြောက် ထပ်မံချပေးမည် တန်ဖိုးနည်းဖုန်းဆင်းကတ်များကို မျှော်လင့်စောင့်စားကာ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးမှူးများ မည်သို့မည်ပုံ စီမံခန့်ခွဲကြဦးမည်ကို မျှော်လင့်စောင့်စားနေကြကြောင်း ဆက်လက်သိရှိရသည်။

ထက်နိုင်(စမ်းချောင်း)

မြို့ နယ် သ တင်း တို ထွာ များ

ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးဝေ

ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန်နှင့် စာဖတ်ရှုနိုင်တိုးတက်လာပြီး ဗဟုသုတအဖြာဖြာ လေ့လာနိုင်ရန်အတွက် ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်နှင့်ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲလုပ်ငန်းများကို မေ ၂၄ ရက်တွင် နွယ်အေးရပ်ကွက် ဘဝရွှေဆောင်စာကြည့်တိုက်၌ ဆောင်ရွက်ရာ ပြည်သူ့ဝန်ဆောင်မှုဖြင့် နယ်လှည့်စာကြည့်တိုက်က ပြည်သူအတွက် အသိပညာများ ဝေငှပေးနေကြောင်း သိရသည်။

(အေးသန်း-ဒေါပုံ)

သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

နေအပူချိန်သိသိသာသာမြင့်တက်လာသည်နှင့်အမျှ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အုန်းတော (၂)ရပ်ကွက်နေ ပြည်သူများ၏ သောက်သုံးရေပြတ်လပ်မှုများကြုံတွေ့ခံစားနေရသဖြင့် နယ်မြေခံတပ်မတော်သားများက ရေသယ်ယာဉ်များဖြင့် မေ ၂၇ ရက် နံနက် ၉ နာရီတွင် သောက်သုံးရေဂါလန် ၆၀၀၀ အား ပြည်သူများအား ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။ **(၅၈၀)**

ယဉ်ကျေးလိမ္မာသင်တန်း သတင်းရိုက်ကူး

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင်ဘုရားမမှာရုံတွင် ကျောင်းသား ကျောင်းသူလူငယ်များ ၅၄၀ သင်တန်းတက်ရောက်လျက်ရှိသော ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသို့ မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် MRTV-4 သတင်းမှတ်တမ်းအဖွဲ့မှ လာရောက် ရိုက်ကူး၍ ပြည်သူလူထုနှင့်တွေ့ဆုံကာ အချက်အလက်များမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း အစီအစဉ်များကို မေ ၈ ရက် (သို့မဟုတ်) ၁၀ ရက်တွင် MRTV-4 မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း ရိုက်ကူးရေးအဖွဲ့ထံမှ သိရ၍ စောင့်မျှော်ကြည့်ရှုနိုင်ကြောင်း သတင်းကောင်းပါးလိုက်သည်။

(တင်ဦး-ရမည်းသင်း)

တမလန်းသစ် တင်ဆောင်လာသော ၁၀ ဘီးယာဉ် ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ပုံကျေးရွာအနီး တရုတ်နိုင်ငံသို့ တမလန်းသစ်တိုင်များ တရားမဝင် ရောင်းချရန် သယ်ဆောင်လာသော ၁၀ ဘီးယာဉ်နှင့်အတူ သစ်ပိုင်ရှင်ကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(ကသာ)

စာပေဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကျင်းပ

ကော့သောင်းမြို့နယ် အောင်ဘာစံပြကျေးရွာတွင် ဘဝမီးအိမ်ကျေးရွာစာကြည့်တိုက်တည်ထောင်ခြင်း (၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မေ ၂၅ ရက် ည ၇ နာရီတွင် စာပေဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ စာပေဟောပြောပွဲနှင့် စာအုပ်ပြပွဲသို့ လာရောက်ကြသော ကျေးလက်ပြည်သူများ ကျေးရွာစာပေဝါသနာရှင် လူငယ်များက သုတ၊ ရသနှင့် မဂ္ဂဇင်းမျိုးစုံ၊ ဂျာနယ်မျိုးစုံစာအုပ်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြပြီး စိတ်ဝင်စားသည် စာအုပ်စာပေများကို တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

စာပေဟောပြောပွဲတွင် ကော့သောင်းဒေသခံစာရေးဆရာများဖြစ်ကြသည် ဆရာရွှေပြည်စိုး(ကော့သောင်း)၊ ဆရာမဒေါ်အုန်းမြင့်မမ၊ ဆရာနိုင်တာယာ(ဟော့သောင်း)နှင့် ဆရာ ဦးကံကောင်းတို့က ဟောပြောခဲ့ကြသည်။

(ကျော်စိုး)

ရေတာရှည်မြို့နယ်တွင် တန်ဖိုးနည်းဖုန်းများကို မဲစနစ်ဖြင့်ရောင်းချပေး

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မေ ၂၄ ရက်မှစတင်၍ ကျပ် ၁၅၀၀ တန် တန်ဖိုးနည်းဖုန်း CDMA 800 MHz များကို ရောင်းချပေးလျက်ရှိသည်။ ရေတာရှည်မြို့နယ်တွင်း ကျေးရွာအုပ်စု ၄၀ ရှိ လုပ်သားပြည်သူများအတွက် ဆင်းကတ် ၁၀၂၇ ခုနှင့် ဌာနဆိုင်ရာများအတွက် ဆင်းကတ် ၄၁၃ ခုတို့အား မဲစနစ်ဖြင့် ရောင်းချပေးလျက်ရှိပြီး လစဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၇၈)**

ကြက်သွန်ဈေးတက်ကို တောင်သူနှင့် လက်လုပ်လက်စားများ ဝင်ငွေကောင်း

မလှိုင်မြို့နယ်အတွင်း၌ သင်္ကြန်မတိုင်မီ ကြက်သွန်နီ တစ်ပိဿာလျှင် ပွဲရုံပေါက်ဈေး ကျပ် ၂၀၀ မှ ၂၂၅ ကျပ်ရှိရာမှ သင်္ကြန်ကာလအတွင်း ပွဲရုံပေါက်ဈေး ကျပ် ၃၀၀ မှ ၃၅၀ ရှိခဲ့ရာ ကြက်သွန်စိုက်တောင်သူများ အမြတ်အစွန်းများရရှိခဲ့ပြီး ကုန်တင်ကုန်ချ အလုပ်သမားတစ်ဦးလျှင် ကုန်ချိန်ပေါ်မူတည်၍ ကျပ် ၁၂၀၀၀ မှ ကျပ် ၁၃၀၀၀ အထိ ရရှိခဲ့သည်။

(ကျော်ကျော်-မလှိုင်)

ပြည်တွင်းရေးရာ

✽ရှေ့ဖုံးမှ

လွှတ်တော်တွင် လေ့လာစရာများစွာ ရှိပါကြောင်း၊ အဆွေတော်တို့နိုင်ငံသည် အလျင်အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ဖြစ်ပါကြောင်း၊ ယခုအခါ အဆွေတော်တို့ ကိုရီးယားသမ္မတနိုင်ငံသည် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများတွင် အများစုမှာ ကမ္ဘာ့အဆင့်(၁၀) အတွင်းသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့အပြင် စီးပွားရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်သည်သာမက ပညာရေး၊ ယဉ်ကျေးမှု၊ အနုပညာနှင့် အားကစားကဏ္ဍများတွင်ပါ ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခု ဖြစ်လာခြင်းမှာ အဆွေတော်တို့ နိုင်ငံ၏ ကောင်းမွန်သော နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်ကြောင့်ဖြစ်ပါကြောင်း၊ ယခုလိုနိုင်ငံရေး၊ စီးပွားရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာလည်း နိုင်ငံ၏ အသက်ဝိညာဉ်နှင့်တူသော အဆွေတော်တို့ အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များသည် အဓိကနေရာမှ ပါဝင်ခဲ့သည်ဟု သိရှိရပါကြောင်း ပြောကြားသည်။

ဆို့နောက် ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအား လွန်ခဲ့သော နှစ်ပေါင်း ၃၀ က တပ်မတော်အစိုးရကထူထောင်ခဲ့ပါကြောင်း၊ ပထမဦးဆုံး ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတ မစ္စတာပတ်ချုံဟီး လက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီစနစ် ထူထောင်ခဲ့ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ပြည်သူတို့ လိုလားသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ အဆွေတော်တို့ နိုင်ငံတွင်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြောင်းအလဲများဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည် ခက်ခဲမည်ဖြစ်သော်လည်း ပြည်သူတို့၏ အကျိုးစီးပွားကိုဖော်ဆောင်ရင်း နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့် နည်းပညာများ များစွာရှိပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် သိပ္ပံနှင့်သုတေသနလုပ်ငန်းဌာနများ များစွာရှိပါကြောင်း၊ လာရောက်၍ လေ့လာနိုင်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ နည်းပညာနှင့် မြန်မာနိုင်ငံ၏ သယံဇာတများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက နှစ်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံရှိကုမ္ပဏီများ၊ ပြည်သူများသည် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားလျက်ရှိပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အား လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးမှာ အရေးကြီးပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သယံဇာတပေါများကြွယ်ဝပြီး တည်နေရာအရလည်း ပထဝီနိုင်ငံရေးအရ အရေးပါသည့်နေရာတွင်တည်ရှိပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ အရင်းအနှီး၊ နည်းပညာနှင့်ပူးပေါင်းဆောင်ရွက်ပါက နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ စီးပွားရေး၊ နည်းပညာ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးမှ တစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ကုန်စည်ကူးသန်းရောင်းဝယ်မှု မြှင့်တင်ခြင်းအတွက်လည်း ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ HRD လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ ပညာရေးစနစ်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒနှင့် စီမံကိန်းများ၊ ဥပဒေများအား မျှဝေပေးစေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အား လက်မှတ်ရေးထိုးကြပြီး အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ညနေ ၆ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အထူးဧည့်သည်တော်များထမင်းစားခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား Ulsan မြို့သို့ ရောက်ရှိနေချိန်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-hee က မေ ၂၆ရက် ည ၇ နာရီတွင် Ulsan မြို့ရှိ Hyatt Hotel ၌ ညစာစားပွဲဖြင့် ထပ်မံတည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ညစာစားပွဲတွင် နှစ်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌနှစ်ဦးသည် ညစာအတူသုံးဆောင်ရင်း နှစ်နိုင်ငံ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon. Mr. Song Gwang-ho, Mp က ဆိုးလ်မြို့ရှိ Lotte Hotel ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီခွဲတွင် ဆိုးလ်မြို့ရှိ Chang Duk Palace သို့ သွားရောက်လေ့လာကြသည်။

မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ Human Resources Development Service သို့ ရောက်ရှိလေ့လာခဲ့ရာ ခန်းမဆောင်၌ HRD ဥက္ကဋ္ဌ Mr. Song Yong-fung နှင့်အဖွဲ့က ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် HRD ဥက္ကဋ္ဌက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ညနေပိုင်းတွင် ဆိုးလ်မြို့ရှိ Han River အတွင်း သင်္ဘောများဖြင့် လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် Suwon City ရှိ Samsung Electronics ကုမ္ပဏီသို့ရောက်ရှိရာ တာဝန်ရှိသူများက ကုမ္ပဏီဧည့်ခန်းမ၌ ကုမ္ပဏီနှင့်သက်ဆိုင်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ပြီး စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် Chairman of the Korea-Myanmar Friendship Interchange Association ဥက္ကဋ္ဌ ဘုန်းတော်ကြီး Ven . Mok Tak Hye Eun နှင့် ဆိုးလ်မြို့ရှိ Lotte Hotel ၌ နေ့လယ်စာ အတူသုံးဆောင်ရင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီခွဲတွင် Korea Development Institute (KDI) သို့ရောက်ရှိရာ KDI မှ တာဝန်ရှိသူများက KDI နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် ညနေ ၄ နာရီတွင် Korea Institute of Science and Technology (KIST) သို့ ရောက်ရှိရာ ဧည့်ခန်းမ၌ KIST မှ တာဝန်ရှိသူများက ကိုရီးယားသမ္မတနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၅-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ "ရာမညသို့ ခရီးတစ်ခေါက်"
၈း၅၀ တေးဂီတအစီအစဉ်
၁၂း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "အိပ်မက်များကို ထဆစ်ခြင်း" (ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ခန့်စည်သူ)
၄း၂၅ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ/အက
၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၁၀ ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း

❖ ကျောဖုံးမှ

နိုင်ငံရေးအတွင်း ပါဝင်လှုပ်ရှားခွင့်ရရှိလာခြင်း အစရှိသည့် ပြုပြင်ပြောင်းလဲမှုများရှိလာခဲ့သည်နှင့်အမျှ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့တားဆီးမှုများမှာလည်း ဖြေလျှော့မှုများရှိလာသည်ကို တွေ့ရှိရသည်။

ဆွီဒင်နိုင်ငံ၏ ဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Ericsson က မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆမှာ လွန်ခဲ့သောနှစ်က လေးရာခိုင်နှုန်းမျှသာရှိသည်ဟု ဆိုသော်ငြားလည်း မြန်မာနိုင်ငံအစိုးရဘက်ကမူ တယ်လီဖုန်းသိပ်သည်းဆသည် ကိုးရာခိုင်နှုန်းအထိရှိနေပြီဟု ဆို၏။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆ ၈၀ ရာခိုင်နှုန်းရှိရမည်ဟု ရည်မှန်းချက်ထားရှိခဲ့ပါသည်။

မြန်မာနိုင်ငံ ဆက်သွယ်ရေးဈေးကွက်၏ အလားအလာမှာ လွန်စွာသိသာထင်ရှားပါသည်ဟု ရှေ့နေ Caintar က မှတ်ချက်ပြုသည်။

ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်လိုင်စင်သစ်များချပေးပြီး ပထမသုံးနှစ်အတွင်းမှာပင် မြန်မာနိုင်ငံ၌ မိုဘိုင်းဆက်သွယ်ရေး၏ ကောင်းကျိုးပြုမှုကြောင့် GDP တိုးတက်မှုများမှာ ၇ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်သွားနိုင်ကြောင်း Ericsson မှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းထားသည်။

အရှေ့တောင်အာရှရှိ လူဦးရေ သန်း ၆၀ မျှနေထိုင်သော ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးစားနေသည့် အဖွဲ့အစည်းများမှာ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများချည်းသာ မဟုတ်ပါ။ ၁၉၉၀ ခုနှစ်များအလယ်ပိုင်းကာလက စီးပွားရေးပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံမှ လုပ်ငန်းများရုပ်သိမ်းခဲ့ရသည့် ဒိန်းမတ်နိုင်ငံ၏ Carlsberg တံဆိပ်ကန်ပစ္စည်းသည်လည်း မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လုပ်ကိုင်ရန် အစီအစဉ်ရှိနေသည်ဟု ဖေဖော်ဝါရီလက ပြောကြားခဲ့သည်။ စွမ်းအင်ကဏ္ဍတွင်လည်း လုပ်ငန်းလိုင်စင်ရရှိရေးအတွက် အမေရိကန်၊ ဗြိတိန်၊ သြစတြေးလျ၊ ဂျပန်၊ တရုတ်နှင့် အခြားနိုင်ငံများရှိ ကုမ္ပဏီများကလည်း ကြိုးစားနေကြကြောင်း တွေ့ရသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပကုမ္ပဏီအများအပြားက ဝင်ရောက်ကာ မည်ကဲ့သို့သော အခွင့်အလမ်းများ ရရှိနိုင်သည်ဟူသောအချက်ကို ဖော်ထုတ်နေကြသည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အရေးပြုပြင်ပြောင်းလဲမှုကိုလည်း စေ့ဆော်တွန်းအားပေးနိုင်ကြောင်း ကမ္ဘာ့အတွေ့အကြုံများအရ သိရသည်။

"မိုဘိုင်းကွန်ရက်များသည် အသေးစားစီးပွားလုပ်ငန်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာမှုကို မြှင့်တင်ပေးနိုင်သကဲ့သို့ မိုဘိုင်းဖုန်းဖြင့် ပိုမိုသုံးစွဲခွင့်ရခြင်းကလည်း လူမှုအဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှုကို တိုးတက်စေရုံမျှမက အခြေခံနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိရေးအတွက်လည်း အရေးပါသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်"ဟု Ericsson ၏ ယခင်နှစ်က အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)အတွက် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် လွန်ခဲ့သောနှစ်က လေ့လာသုတေသနပြုခဲ့သူ ဆက်သွယ်ရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် David Butcher က "မိုဘိုင်းဆက်သွယ်ရေးကွန်ရက်တွင် လူအများစု အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုများသည် ကျေးလက်ဒေသ စီးပွားရေးကို မြှင့်တင်ပေးနိုင်သောစွမ်းအားရှိသည်။ အချို့သောလေ့လာတွေ့ချက်များအရ မိုဘိုင်းဖုန်းတစ်လုံးရှိရုံမျှဖြင့် ကျေးလက်ဒေသနေ ပြည်သူတို့၏ ဝင်ငွေကို ၂၀ ရာခိုင်နှုန်းထိ မြင့်မားစေနိုင်သော အကျိုးသက်ရောက်မှုရှိသည်"ဟု ဆိုခဲ့သည်။

အကယ်၍ Vodafone ကသာ ဆက်သွယ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိခဲ့မည်ဆိုလျှင် မိုဘိုင်းဖုန်းမှတစ်ဆင့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ အပေးအယူများကို ဆောင်ရွက်နိုင်သည့် M-Pesa စနစ်အား မြန်မာနိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု သိရသည်။ M-Pesa စနစ်သည် ဘဏ်လုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံ မပြည့်စုံသေးသည့် ဖွံ့ဖြိုးမှုနိမ့်ကျသော ဒေသနေပြည်သူလူထုအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့်စနစ်ဖြစ်သည်။ ထိုစနစ်ကို အသုံးပြု၍ မြို့ပြဒေသရောက် ဝန်ထမ်းများက ၎င်းတို့၏ ကျေးလက်ဒေသများသို့ ငွေကြေးကို ပြန်ပို့နိုင်ကြသည်။

အာရှ-ပစိဖိတ်ဒေသ၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသအတွက် Vodafone ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Nick Read က "ကင်ညာနိုင်ငံတွင် မိုဘိုင်းငွေကြေးသည် လုလတ်တန်းစားများနှင့် ဆင်းရဲသားများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် များစွာအောင်မြင်ခဲ့သည်။ ၂၀၀၆ ခုနှစ်အတွင်းက ကင်ညာနိုင်ငံလူဦးရေ ၂၀ ရာခိုင်နှုန်းကသာ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ရယူသုံးစွဲခွင့်ရှိသော်လည်း M-Pesa စနစ်ကို အကောင်အထည်ဖော်နိုင်မှုကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ကင်ညာနိုင်ငံ၌ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှု သုံးစွဲသူဦးရေမှာ ၇၅ ရာခိုင်နှုန်းထိ ရှိလာခဲ့သည်"ဟု ဆို၏။

ယခုအပတ်တွင် ထုတ်ဝေရောင်းချသည့် မိုဘိုင်းဖုန်း Sim Card များနှင့် ငွေဖြည့်ကတ်များအား မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပြီး နောက်လများတွင်မူ GSM Sim Card များကို ဆက်လက်ရောင်းချလိမ့်မည်ဟု သိရသည်။

ဆက်သွယ်ရေးကဏ္ဍတွင် လုပ်ငန်းလိုင်စင်ရရှိရေးအတွက် ဆက်သွယ်ရေးကုမ္ပဏီကြီးများအား တင်ဒါရွေးချယ်စိစစ်သည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးသည် မြန်မာနိုင်ငံ၏ အခြားသောစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် အစိုးရ၏ စီမံခန့်ခွဲမှုနှင့် ချဉ်းကပ်ပုံနည်းလမ်းကို စမ်းသပ်သောဖြစ်ရပ်ဟု ဆိုနိုင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို မြန်မာနိုင်ငံသို့ ဝင်ရောက်၍ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံလိုသူများအား အကြံပေးနေကြသည့် ပုဂ္ဂိုလ်များက စိတ်ဝင်စားမှုများစွာဖြင့် အနီးကပ်စောင့်ကြည့်နေကြသည်ဟု Ciantar က ဆိုပါသည်။ မြန်မာနိုင်ငံက ဆောင်ရွက်နေသည့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းလိုင်စင်ရွေးချယ်သည့် ဖြစ်စဉ်သည် သိသာ၊ မြင်သာ၊ ထင်သာရှိမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည်ဟုလည်း ၎င်းက မှတ်ချက်ပြုထားပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်းဖုန်းများကို လူအများစု အသုံးပြုနိုင်အောင် ကြိုးစားဆောင်ရွက်မှုများသည် စီးပွားရေးနှင့်လူမှုရေးအပြောင်းအလဲများကို များစွာဖော်ဆောင်နိုင်သည့်အလားအလာရှိနေပါသည်။ **(ရိုက်တာ)**

တန်ဖိုးနည်း Sim Card များအတွက် အ...

ရန်ကုန် မေ...

CDMA 800 MHz လိုင်းများ ဖမ်းယူအသုံးပြု... ၂၄ ရက်မှစတင်ကာ လိုင်းကတ်များကို ငွေကျပ် ၁၅... ရောင်းချပေးလျက်ရှိပြီဖြစ်သည်။

ယခုထွက်ရှိသည့် CDMA 800 MHz လိုင်းက... သုံးလိုရသည်၊ အချို့ဟန်းဆက်နှင့် သုံး၍မရဟု ပြော... ဆက်သွယ်မေးမြန်းမှုဖြစ်ခဲ့သည်။

"Hualu A 168, Fader C 800, H 606, XG ... သီးသန့်သုံးတဲ့အမျိုးအစားများဖြစ်ပြီး MP3, MP4, C... ဆည့်ဆင်းအသုံးပြုနိုင်တဲ့အတွက် လက်ရှိတန်ဖိုးနည်း ... A 35/Sam i920,V 660, Coolpad 5855 ဟန်းဆ... အစားများဖြစ်ပါတယ်။MP3, MP4, Camera မျာ... အသုံးပြုနိုင်ပါတယ်။ အဲဒါအပြင် GSM Sim Card... တယ်။ ဖုန်းခေါ်ဆိုမှု သီးသန့်ပြုလုပ်ချင်သူတွေအတွ... ZTE S 160, Anycall V 189 အမျိုးအစားတွေက ... တန်ဖိုးနည်းဆင်းကတ်တွေအတွက် အမျိုးအစားအလို... OS/Java သုံး Touch Screen/ Keypad ဟန်းဆက်... တန်ဖိုးနည်းဖုန်းကတ်တွေ ထွက်လာတဲ့အတွက် သာ... ပြေလည်သွားလို့ ကျေနပ်ဝမ်းသာမိပါတယ်။ ကျွန်တော်... အစွန်းနည်းနည်းဖြင့် ပြည်သူတွေကို ဈေးနှုန်းချိုသာစွာ... စကားပြောကြားလိုပါတယ်"ဟု ZYP ဖုန်းဆိုင်မှ တာဝန်...

မီးရထားမီးလောင်မှုသတင်းဖြစ်စဉ် မန္တလေးရထားရဲတပ်ဖွဲ့ခန်းမှ ထုတ်ပြန်

မန္တလေး မေ ၂၇

မေ ၂၀ ရက် ညနေ ၄ နာရီခန့်က မန္တလေးဘူတာကြီးတောင်ဘက် ဘူတာယာဒ်ဝင်းအတွင်း ရထားသံလမ်းအမှတ်(၁၀)၌ တွဲဆိုင်းထိုးထားသော အထက်တန်းအိပ်စင်ခြောက်ခန်းတွဲပါ BNUEZ 12665 မီးလောင်မှုဖြစ်စဉ်**(အောက်ပုံ)**နှင့်ပတ်သက်ပြီး မန္တလေးရထားရဲတပ်ဖွဲ့စခန်းမှ သတင်းထုတ်ပြန်ချက်ကို မေ ၂၇ ရက် ညနေ ၅ နာရီက မီဒီယာများကို ခေါ်ယူကာ ထုတ်ပြန်ပေးခဲ့သည်။ သတင်းထုတ်ပြန်ချက်နှင့်အတူ မီးလောင်နေစဉ် မီးငြိမ်းသတ်နေပုံနှင့် မီးစတင်လောင်ကျွမ်းသော အိပ်စင်အခန်း၏ မီးလောင်ကျွမ်းပြီးပုံကို ထုတ်ပြန်ပေးခဲ့ပြီး တရားခံ၏ဓာတ်ပုံ မပါရှိပါ။ သတင်းထုတ်ပြန်ချက်အရ မီးလောင်မှုဖြစ်စဉ်အား မန္တလေးရထားရဲစခန်းက(ပ) ၁၁၀/၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားပြီး မန္တလေးရထားရဲစခန်းမှူး ရဲအုပ်သိန်းလင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဖော်ထုတ်ချက်အရ တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ခဲ့သည်ဟု သိရသည်။

မေ ၂၆ ရက် နံနက် ၈ နာရီခန့်က မန္တလေး ဘူတာကြီးရှိ နေပြည်တော် လက်ဖက်ရည်ဆိုင်သို့ ဝင်ရောက်လာသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အလယ်ကုန်းရွာနေသူ ကျပန်းအလုပ်သမား မောင်အောင် (၃၇) နှစ် မှတ်ပုံတင်မရှိအား မသင်္ကာသဖြင့် ခေါ်ယ...

ပရိမ်ယာလိဂ်ပွဲစဉ်(၃၅)အဖြစ် မန်စီးတီးအသင်းနှင့် ... မန်စီးတီးအသင်းက အဂ္ဂရိုနှင့် ယာယာတိုရေးတို့၏ သွင်း... တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် ...

တန်ဖိုးနည်း Sim Card များအတွက် အထူးသင့်လျော်သည့် ဖုန်းဆက်များ

ရန်ကုန် မေ ၂၇

CDMA 800 MHz လိုင်းများ ဖမ်းယူအသုံးပြုနိုင်သည့် မြန်မာနိုင်ငံရှိ မြို့နယ်များ၌ မေ ၂၄ ရက်မှစတင်ကာ လိုင်းကတ်များကို ငွေကျပ် ၁၅၀၀ ဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချပေးလျက်ရှိပြီဖြစ်သည်။

ယခုထွက်ရှိသည့် CDMA 800 MHz လိုင်းကတ်နှင့်ပတ်သက်၍ အချို့ဖုန်းဆက်နှင့် သုံးလို့ရသည်၊ အချို့ဖုန်းဆက်နှင့် သုံး၍မရဟု ပြောကြားသံများကြားသိရ၍ ZYP ဖုန်းဆိုင်သို့ ဆက်သွယ်မေးမြန်းဖြစ်ခဲ့သည်။

"Hualu A 168, Fader C 800, H 606, XG 308, CM 288A များမှာ CDMA 800 သီးသန့်သုံးတဲ့အမျိုးအစားများဖြစ်ပြီး MP3, MP4, Camera များပါဝင်ကာ Memory Card ထည့်သွင်းအသုံးပြုနိုင်တဲ့အတွက် လက်ရှိတန်ဖိုးနည်း ဖုန်းသုံးသူများ စိတ်တိုင်းကျမှာဖြစ်ပါတယ်။ A 35/Sam i920,V 660, Coolpad 5855 ဖုန်းဆက်တွေကတော့ Touch Screen အမျိုးအစားများဖြစ်ပါတယ်။MP3, MP4, Camera များပါဝင်ပြီး Memory Card ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အဒါအပြင် GSM Sim Cardကိုလည်း ထပ်မံထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ဖုန်းခေါ်ဆိုမှု သီးသန့်ပြုလုပ်ချင်သူတွေအတွက်တော့ လိုင်းဆွဲအားကောင်း မွန်သည့် ZTE S 160, Anycall V 189 အမျိုးအစားတွေက သင့်လျော်ပါတယ်။ ကျွန်တော်တို့ ဆိုင်မှာ တန်ဖိုးနည်းဆင်းကတ်တွေအတွက် အမျိုးအစားအလိုက် ငွေကျပ်နှစ်သောင်းကစပြီး Andriod/ OS/Java သုံး Touch Screen/ Keypad ဖုန်းဆက်မျိုးစုံကို ဝယ်ယူရရှိနိုင်ပါတယ်။ ယခုလို တန်ဖိုးနည်းဖုန်းကတ်တွေ ထွက်လာတဲ့အတွက် သာမန်ပြည်သူတွေအားလုံး ဆက်သွယ်ရေး ပြေလည်သွားလို့ ကျေနပ်ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ရောင်းချသူတွေအနေနဲ့လည်း အမြတ်အစွန်းနည်းနည်းဖြင့် ပြည်သူတွေကို စျေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း အသိပေးစကားပြောကြားလိုပါတယ်"ဟု ZYP ဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

ဇေယျာ(မိုင်ရာ)

မီးရထားမီးလောင်မှုသတင်းထုတ်ပြန်စေ မန္တလေးရထားရုံကပ်ဖွဲ့ ခန်းမှ ထုတ်ပြန်

မန္တလေး မေ ၂၇

မေ ၂၁ ရက် ညနေ ၄ နာရီခန့်က မန္တလေးဘူတာကြီးတောင်ဘက် ဘူတာယာဒ်ဝင်းအတွင်း ရထားသံလမ်းအမှတ်(၁၀) ၌ တွဲဆိုင်းထိုးထားသော အထက်တန်းအိပ်စင် ခြောက်ခန်းတွဲပါ BNUEZ 12665 မီးလောင်မှုဖြစ်စဉ်(အောက်ပုံ)နှင့်ပတ်သက်ပြီး မန္တလေးရထားရုံတပ်ဖွဲ့ခန်းမှ သတင်းထုတ်ပြန်ချက်ကို မေ ၂၇ ရက် ညနေ ၅ နာရီက မီဒီယာများကို ခေါ်ယူကာ ထုတ်ပြန်ပေးခဲ့သည်။ သတင်းထုတ်ပြန်ချက်နှင့်အတူ မီးလောင်နေစဉ် မီးငြိမ်းသတ်နေပုံနှင့် မီးစတင်လောင်ကျွမ်းသော အိပ်စင်အခန်း၏ မီးလောင်ကျွမ်းပြီးပုံကို ထုတ်ပြန်ပေးခဲ့ပြီး တရားခံ၏ဓာတ်ပုံ မပါရှိပါ။ သတင်းထုတ်ပြန်ချက်အရ မီးလောင်မှုဖြစ်စဉ်အား မန္တလေးရထားရဲစခန်းက(ပ) ၁၁၀/၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားပြီး မန္တလေးရထားရဲစခန်းမှူး ရဲအုပ်သိန်းလင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းဖော်ထုတ်ချက်အရ တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ခဲ့သည်ဟု သိရသည်။

မေ ၂၆ ရက် နံနက် ၈ နာရီခန့်က မန္တလေး ဘူတာကြီးရှိ နေပြည်တော် လက်မှတ်ရုံဆိုင်သို့ ဝင်ရောက်လာသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အလယ်ကန်းရွာနေသူ ကျပန်းအလုပ်သမား မောင်အောင် (၃၇) နှစ် မှတ်ပုံတင်မရှိအား မသင်္ကာသဖြင့် ခေါ်ယူ စစ်ဆေးရာ မောင်အောင်သည် မီးလောင်သည့် မေ ၂၁ ရက် နံနက် ၁၁ နာရီခန့်က မန္တလေး ဘူတာကြီးအမှတ်(၁၀)လမ်း၌ တွဲထိုးထားသော တွဲအမှတ် BNUEZ 12665 အခန်းအမှတ် E ခန်းအတွင်းသို့ ဝင်နေသည့် တံခါးပေါက်မှ ဝင်ရောက်ခဲ့ကြောင်း၊ အခန်းထဲသို့ ဆေးလိပ်သောက်ပြီး တစ်ရေးအိပ်ကြောင်း၊ ညနေ ၄ နာရီခန့်တွင် အိပ်ရာမှနိုးကာ ဆေးပေါ့လိပ်သောက်ကြောင်း၊ ထို့နောက် ဆေးပေါ့လိပ်ကို မီးမသတ်မိဘဲ ဆိုဖာမွေ့ရာပေါ်တင်၍ ၎င်းဝင်အိပ်သည့်ရထားတွဲနှင့်ကပ်လျက် တွဲပြင်ရုံအနီးရှိ ရေပိုက်တွင် ရေချိုးကြောင်း၊ အနီးအနားတွင် တွဲပြင်ဝန်ထမ်းများကို တွေ့ရှိသော်လည်း ဝန်ထမ်းများက ပိတ်ပင်တားဆီးမှုမလုပ်ကြောင်း၊ ထိုသို့ ရေချိုးနေစဉ် တွဲပြင်ရုံမှ ဝန်ထမ်းများက မီးလောင်နေကြောင်း အော်ဟစ်ပြောဆိုပြီး မီးလောင်နေသည့်နေရာသို့ ပြေးလွှားသွားကြသဖြင့် ၎င်းလည်းလိုက်ပါသွားကြည့်ရာ မီးလောင်နေသောအခန်းမှာ ၎င်းဝင်အိပ်ခဲ့သည့်အခန်းဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ရထားတွဲမီးလောင်ရခြင်းမှာ မောင်အောင် သောက်လက်စ ဆေးလိပ်တိုကို မီးမသတ်ဘဲ ထားခဲ့မှုကြောင့် မီးလောင်မှုဖြစ်ရသည့်အတွက် ကြောက်လန့်ပြီး ထွက်ပြေးခဲ့ကြောင်း ဝန်ခံထွက်ဆိုသည်ဟု သတင်းထုတ်ပြန်ထားသည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် အထက်တန်းအိပ်စင် ခြောက်ခန်းတွဲပါ BNUEZ 12665 တစ်တွဲလုံး မီးလောင်ကျွမ်းခဲ့သည်။

(၀၀၂)

ပရိမီယာလိဂ်ပွဲစဉ်(၃၅)အဖြစ် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက အဂွေရိုနှင့် ယာယာတိုရေးတို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးကို ကာရိုးက သွင်းယူပေးခဲ့သည်။

လိမ္မာယဉ်ကျေးပြည့်ရင်သွေးတို့ ... ငွေးဖွားရာမြေ ... တို့ဌာနေ

တွေ့ဆုံ/မေးမြန်း ➢ အောင်နိုင်(သတင်းစဉ်)
ဓာတ်ပုံ ➢ ဇော်မင်းလတ်(သတင်းစဉ်)

ညောင်ပင်ကြီးစကျေးရွာရှိ သိမ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဦးစက္ကိန္ဒ။

ထေရဝါဒ ဗုဒ္ဓဘာသာ၊ သာသနာတော်ပြတကြီး ကမ္ဘာတည်နေသရွေ့ မြန်မာနိုင်ငံတွင်ပြန့်ပွားတးတက်ထွန်းကားစေရန်၊ မြန်မာကလေးငယ်များ ငယ်စဉ်တောင်ကျေးကလေးဘဝမှ စတင်ကာ တိုင်းပြည်က အားထားရမည့် ထူးချွန်ထက်မြက်သော သားကောင်းသမီးမွန်ရတနာများအဖြစ် ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလများတွင် နိုင်ငံတစ်ဝန်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေခံသင်တန်းများဖွင့်လှစ်ပေးချကြသည်ကို သတိထားမိတာ အတော်ကြာချေပြီ။

ထိုအတွက် ယခုနှစ်မေ ၁၉ ရက်မှ မေ ၉ ရက်အထိ ၂၁ ရက်ကြာ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံသင်တန်း ပို့ချရာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစကျေးရွာ သိမ်ကျောင်းတိုက်သို့ သွားရောက်၍ သင်တန်း ပို့ချနေမှုအခြေအနေများကို လေ့လာစဉ်မေးမြန်းခဲ့သည်။

ဦးစွာ ညောင်ပင်ကြီးစကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်ကတွေ့ဆုံ၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံ သင်တန်း ဖွင့်လှစ်ပို့ချနေမှုအပေါ် သူ၏အမြင်ကို မေးမြန်းဖြစ်သည်။

"အမျိုး၊ ဘာသာ၊ သာသနာကို လေးစားရသေစွာ ချစ်ခင်စောင့်ရှောက်တတ်ဖို့ ယဉ်ကျေးလိမ္မာတဲ့ ကလေးငယ်တွေဖြစ်လာစေဖို့ ဒီသင်တန်းက အများကြီး အထောက်အကူပြုစေမှာပါ။ အဓိက ကတော့ ဒီလို နွေရာသီကျောင်းပိတ်ရက်ရှည်ကာလမျိုးမှာ ကလေးတွေ အသိအလိမ္မာ ဖွံ့ဖြိုးတိုးတက်လာစေမယ်၊ နောက်ပြီး ကောင်းမွန်တဲ့ ဘာသာရေးထုံးမွမ်းတဲ့ အလေ့အထကောင်းလေးတွေ သူတို့မှာကိုယ်စီကိုယ်င ရှိလာတဲ့အခါ ပင်ကိုယ်အသိစိတ်နဲ့ အမျိုးဘာသာ၊ သာသနာ အဓွန့်ရှည် ဖွံ့ဖြိုးစေဖို့ ကာကွယ်စောင့်ရှောက်တတ်လာပါလိမ့်မယ်"

အဆိုပါသင်တန်းတွင် မူလတန်းမှ အထက်တန်းထိ ကျောင်းသားဦးရေ ၂၁၀ နှင့် ကျောင်းသူဦးရေ ၂၅၁ ဦး စုစုပေါင်း ၄၆၁ ဦး တက်ရောက်ပညာသင်ယူလျက်ရှိသည်ကို တွေ့ရသည်။ ညောင်ပင်ကြီးစ၊ အောင်သခ၊ ကံလှနှင့် သဲကန်းကွက်သစ်ကျေးရွာများမှ ဒေသခံပြည်သူများ၏ ရင်သွေးငယ်များ အများဆုံးလာရောက်၍ပညာရည်နှသောက်စဆည်းပူး သင်ယူလေ့လာနေကြဖြင်းပင်။

ဆရာမ ဒေါ်အေးအေးသန့် သင်တန်းသား သင်တန်းသူများအား စာသင်ကြားပြသနေစဉ်။

"ဦးပဉ္စင်းအနေနဲ့ ပြောချင်တာကတော့ ကျေးရွာအဆင့်ကနေ မြို့နယ်၊ အဲဒီကမှ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ၊ ဒီလိုနဲ့ပဲ တစ်နိုင်ငံလုံးကိုလွှမ်းခြုံသွားနိုင်မှာလို မျှော်လင့်တယ်။ နောက်တစ်ခုက အခုလိုသင်တန်း ဖွင့်လှစ်ပေးချခြင်းအားဖြင့် ကလေးငယ်တွေအားလုံး ကျောင်းရဲ့အရပ်အဝါသအောက် ရောက်ရှိနေချိန်မှာ မိဘတွေအနေနဲ့ နောက်ဆံတင်းစရာမလိုဘဲ မိမိတို့ရဲ့ လုပ်ငန်းဆောင်တာတွေကို အေးအေးလူလူလုပ်ကိုင်ရှာ စီးပွားရှာနိုင်မယ်။ ကလေးတွေလည်း အန္တရာယ်ကင်းတယ်လေ။ တစ်နည်းပြောရရင် မိဘအယောက် ၁၀၀ ကျော် ထိန်းသိမ်းနေရမယ့်ကလေးတွေကို လုပ်ဂိုလ်လေး၊ ငါးဦးလောက်နဲ့ ဝိုင်းဝန်းထိန်းသိမ်းရင်း ယဉ်ကျေးလိမ္မာစေအောင် ထိန်းသိမ်းစောင့်ရှောက် သင်ကြားပို့ချပေးနေတဲ့ ကလေးထိန်းသင်တန်းကြီးဆိုရင်လည်း မမှားဘူးပေါ့" ဟုကိုယ်တိုင်ကိုယ်ကျ သင်ကြားပို့ချမှုပြုလုပ်လျက်ရှိသည့် ညောင်ပင်ကြီးစကျေးရွာ၊ သိမ်ကျောင်းတိုက်မှ ဆရာတော် ဦးဝါယမက မိန့်တော်မူသည်။

ကျောင်းတိုက်ပရိဝုဏ် ဥပစာအတွင်း နံရံကပ်ဆိုင်းဘုတ်ကြီးများပြင် နိစ္စဓူဝ အစားအသောက်များ လာရောက်လှူဒါန်းကြသည့် အလှူရှင်စာရင်းများကိုသာမခေါ်ဆိုဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။ နံနက်ခင်း၌ စာသင်သားများ အဆာပြေစားသောက်နိုင်ရန်အတွက် ကြာဆံဟင်းခါးချက်လာရောက်လှူဒါန်းသည့် ညောင်ပင်ကြီးစကျေးရွာနေ ဒေသခံတစ်ဦးဖြစ်သူ ဦးစိုးက သူ၏ဒါနကုသိုလ်နှင့်စပ်လျဉ်း၍ ပြောကြားရာတွင်-

"အနာဂတ်မှာ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ တာဝန်ယူကြမယ့် လူငယ်လေးတွေက အခုလို လာရောက်လှူဒါန်းကျွေးမွေးခွင့်ရတာ ဝမ်းသာတယ်။ အခုလည်း သူတို့စားသောက်နေတဲ့အချိန်မှာ ဘာများလိုအပ်မလဲဆိုတဲ့စိတ်ကြောင့် အနီးကပ်ကြီးကြပ်စောင့်ကြည့်ပေးနေတာ" အကျယ်အဝန်းမြေဧရိယာ ၁၄ ဧကရှိသည့် သိမ်ကျောင်းတိုက်ပရိဝုဏ်တွင် ညောင်ပင်ကြီးစ ရေဟောင်းဘုရား ၃၄ ဆူ၊ ရုပ်ပွားတော် ၁၄ ဆူ ကိန်းဝပ်စံပယ်တော်မူလျက်ရှိပြီး ဂန္ဓကုဋိတိုက်တစ်တိုက် တည်ရှိသည်ကို မြင်တွေ့ရသည်။ စာသင်သားများ၏ စာအသံက ကျောင်းတိုက်ပရိဝုဏ်အတွင်း လွှင့်ပျံ့လျက်ရှိနေသည်။ သိမ်တော် အပေါ်ထပ်နှင့်အောက်ထပ် ဇရပ်နှင့်စာသင်ကျောင်း နေရာဌာနလေးခုတွင် အသက်အရွယ်/အတန်းခွဲခြား၍ သင်ကြားပို့ချနေခြင်းဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။

သိမ်တော်အပေါ်ထပ် သင်တန်းခန်းမဆောင်သို့ ရောက်ရှိချိန်တွင် မူလတန်းအရွယ် သားငယ်သမီးငယ်များနှင့ ကရင်ငယ်လေးများစွာ ညီညာတက်ကြွစွာဖြင့် ဆရာမသင်ကြားပို့ချလျက်ရှိသည့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ အသိအလိမ္မာတိုးပွားဖွယ် စာပေများကို လိုက်ပါရွတ်ဖတ်သင်ယူနေသည်ကို တွေ့ရသည်။

"ကလေးငယ်တွေအတွက် ဒီလိုသင်တန်းမျိုးတွေ ဖွင့်လှစ်ပို့ချပေးတာအလွန်ကောင်းပါတယ်။ ကလေးတွေလည်း ပျော်ပျော်ရွှင်ရွှင်သင်ယူကြတာ တွေ့ရပါတယ်။ ပိုပြီးယဉ်ကျေးလိမ္မာလာသလို မိမိတို့ရဲ့ ဘာသာတရားအပေါ် တန်ဖိုးထားလေးစားရသေကြောင်းမှုမလေးတွေ တိုးတက်လာတာ တွေ့ရတယ်။ ဒီအပြင် ကလေးတွေရဲ့ စာရိတ္တပိုင်းမှာသာမက စာပေသင်ကြားမှုပိုင်းဆိုင်ရာမှာပါ အများကြီးအထောက်အကူ ဖြစ်လာလိမ့်မယ်လို ယုံကြည်ပါတယ်"ဟု ညောင်ပင်ကြီးစကျေးရွာ အမှတ်(၁၅၉) မူလတန်းလွန်ကျောင်းမှ ပဉ္စမတန်းပြ ဆရာမဒေါ်အေးအေးသန့်က ပြောပြသည်။

"သမီးနာမည်က မအခြတမွန်မါ။ဒုတိယတန်း တက်ရမှာဖြစ်ပါတယ်။ အခု ဒီသင်တန်းကို တက်ရတာ ပျော်တယ်။ စာတွေ၊ ကဗျာတွေ၊ သီချင်းတွေလည်းသင်ရတယ်။ ဩကာသကန်တော့ချိုးနဲ့ မေတ္တာပို့ အမျှဝေတာတွေ၊ ဘုရားရှိခိုးအမျိုးမျိုးလည်းရပါပြီ။ မဂ္ဂင်ပရိတ်ကြီး(၁၁)သုတ် သင်ရတော့မှာပါ"ဟု ချစ်စဖွယ် သမီးငယ်လေးတစ်ဦးက သူမ၏ ပျော်ရွှင်ဝမ်းမြောက်မှုကို လှစ်ဟပြောပြ၏။

အလားတူ ဒုတိယတန်းမှ တတိယတန်းသို့တက်ရောက်ပညာသင်ယူတော့မည့် မောင်သန့်ဇင်ဖြိုးက ဂုဏ်တော်ကိုးပါးကိုအထစ်အငေါ့မရှိ တရစပ် အလွတ်ရွတ်ဆိုပြသည်။

"သားက သံဗုဒ္ဓေလည်းရပြီ။ တခြားဘုရားရှိခိုးအမျိုးမျိုးကိုလည်း ရနေပြီ။ ဒီသင်တန်းတက်ရတာ ပျော်တယ်။ နောက်နှစ်တွေမှာလည်းသင်တန်းဖွင့်ရင် တက်ဦးမှာ။ ဒီသင်တန်းက သားတို့ကို အရင်ကထက်ပိုပြီး ယဉ်ကျေးလိမ္မာလာအောင်၊ စာတွေကိုမိုတော်လာအောင် လုပ်ပေးနိုင်မှာလိုလူကြီးတွေက ပြောတယ်။ သားတို့ကလည်း ပိုတော်လာအောင်ကြိုးစားမှာပါ"ဟု တစ်ဆက်တည်း ပြောပြသည်။

အိမ်ထောင်စု ၅၉၇ စု၊ လူဦးရေ ၁၇၇၉ ဦး မီတင်းနေထိုင်ရာ ညောင်ပင်ကြီးစကျေးရွာတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံသင်တန်းကာလမှာ ၂၁ ရက်လုံးလုံးပိတ်ရက်မရှိ တစ်ဆက်တစ်စပ်တည်း ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချလျက်ရှိကြောင်းသိရသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အလှူရှင်များက စာသင်သား ကျောင်းသား ကျောင်းသူများ လိုအပ်သည့် စာအုပ်စာတမ်းနှင့် စာရေးကိရိယာများဖြစ်သည့်ခဲတံ၊ ဘောပင်၊ ခဲဖျက်တို့ကို လာရောက်ပံ့ပိုး လှူဒါန်းကြသည်ဟုလည်း မေးမြန်းသိရှိရ၏။

မြန်ကပြေး ပိဋကတ်ရုံစာသင်တိုက် ဆရာတော် ဦးကပ္ပိန္ဒထံမှ ကြွပါဒခဲ့ယူကာ ဓမ္မာစရိယစာဖြေ သံဃာတော်နှစ်ပါး၊ သီလရှင်သုံးပါး၊ လူငယ်အားမာန်အဖွဲ့နှင့် စေတနာရှင် ဆရာ ဆရာမ စုစုပေါင်း အင်အား ၁၈ ဦးတို့ဖြင့် တက်တက်ကြွကြွသင်ကြားပို့ချလျက်ရှိသည်။ အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံသင်တန်းတွင် မူလတန်းကျောင်းသား ကျောင်းသူများအတွက် အသိပညာ၊ ဗဟုသုတအလိမ္မာ တိုးရုံမျှမက အခြေခံပညာအထက်တန်းတွင် ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူလေးများအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေမည့် အခြေခံအင်္ဂလိပ်ဘာသာစကားပြောနှင့် သဒ္ဒါလေ့ကျင့်သင်ကြားမှု သင်တန်းက တွေ့ရှိခဲ့ရသည်။

"ကျွန်မက ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးစီးအရာရှိ ဒေါ်မြတ်သီရိအေးပါ။ ကလေးတွေ ကျောင်းချိန်ပြင်ပမှာ အဝလိပ်စာနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကို ဝေငပေးနိုင်ဖို့ လာသင်ပေးရခြင်း ဖြစ်ပါတယ်။ အခုက မြန်မာနိုင်ငံက နိုင်ငံတကာက စိတ်ဝင်စားအာရုံစိုက်ခံ ဖြစ်လာပြီလေ။ ကိုယ့်ဒေသနဲ့ ကိုယ့်နိုင်ငံအကြောင်း၊ ယဉ်ကျေးမှု ရှေးရာယဉ်ကျေးမှုလေးအကြောင်း၊ ဘာသာ သာသနာအကြောင်းကို ကလေးတွေအနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းပြောကြားနိုင်မယ့်အချိန်ကို ရောက်လာပြီလို့ ထင်ပါတယ်။ ဒါ့မလည်း နိုင်ငံတကာနဲ့ ဆက်ဆံရာမှာ လွယ်ကူချောမွေ့မှာပါ။ ဒီ့အတွက် အခြေခံကောင်းတွေ ရရှိနိုင်စေဖို့ ကလေးတွေက အင်္ဂလိပ်စာအခြေခံ စကားပြောနဲ့ သဒ္ဒါပိုင်းဆိုင်ရာ နည်းစနစ်တွေ မှန်ကန်ဖို့လေ့ကျင့်သင်ကြားပေးနေပါတယ်။ ဒီကနေ အခြေခံကောင်းလေးတွေ ရရှိပြီးရင် သူတို့လေးတွေရဲ့ ကျောင်းစာသင်ကြားမှုအပိုင်းမှာ အများကြီး အထောက်အကူ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာ သင်ကြားပေးသည့် ဆရာမတစ်ဦးက ပြောကြားသည်။

သိမ်ကျောင်း၏ အောက်ထပ်ခန်းမတွင် မူလတန်းအရွယ်ကလေးငယ်များ တစ်ဦးချင်းစီ အလှည့်ကျ ကျောက်သင်ပုန်းရှေ့ထွက်ကာ ဘုရားဟောဆုံးမစာ၊ ကဗျာများ၊ ယဉ်ကျေးလိမ္မာဖွယ်ရာ စာသားများကို အပြန်အလှန်ရွတ်ဖတ်ပြနေတာကိုလည်း မှတ်မှတ်ထင်ထင် သတိပြုမိ၏။ အနီးနားတွင် ဆရာ ဆရာမများက ဂရုဏာယပင်ကြွားသော အမအရာများဖြင့် ထိန်းသိမ်းကြပ်မတ်လျက်ရှိသည်က တွေ့ရသည်။

အနာဂတ်နိုင်ငံတော်အတွက် ပခုံးထမ်းတာဝန်ကို လက်ဆင့်ကမ်းယူထမ်းဆောင်ကြတော့မည့် အနာဂတ်ခေါင်းဆောင်လောင်း ကလေးငယ်များ၏ စာပေသံအရွတ်ဖတ်သံများက ကြားရသဘဝင် ရွှင်ပြုံး ပီတိဖြစ်ဖွယ်ရာ။ လိမ္မာယဉ်ကျေးသော၊ ခေတ်မီပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းယှဉ်နိုင်သော လူရည်ချွန်၊လူရည်မွန် မောဝ်မယ်များစွာ ဤသင်တန်းကျောင်းများမှ ပေါ်ထွက်လာမည်မှာလည်း မြေကြီးလက်ခတ်မလွဲဟု မမိတ်မသန် ယုံကြည်နေမိသည်။ ထို့အတွက် ဤကဲ့သို့သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အခြေခံသင်တန်းများ နိုင်ငံတစ်ဝန်း စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ပါစေရန် ရည်သန်၍ ရေးသားဖော်ပြအပ်ပေသည်။ ။

ဒလမြို့နယ် ရေပေးရေးလုပ်ငန်းစီမံကိန်းများ ဖော်ဆောင်လျက်ရှိ

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရေပေးရေးလုပ်ငန်းစီမံကိန်းများကို ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ ရေအားတိုးတက်ရရှိရေးနှင့် ရေဆက်သွယ်ခြင်း မရှိသေးသော ရပ်ကွက်များသို့ ရေသယ်ယာဉ်များဖြင့် တိုးမြှင့်ဆောင်ရွက်မှုလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

ဒလမြို့သည် ခေတ်အဆက်ဆက် အစိုးရများလက်ထက်၌ သောက်သုံးရေမရရှိနိုင်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်က မြို့လူထုသောက်သုံးရေရရှိရေးအတွက် တွံတေးမြို့နယ်၊ ရန်ကုန်ပေါက်ရေပေးပေရေးစခန်းမှ ပြေအောက် အဝီစိတွင်း ငါးတွင်းတူးဖော်ပြီး ၁၆ လက်မ Ø ကွန်ကရစ်ပိုက် အရှည် ၈ ဒသမ ၉ မိုင် ဆက်သွယ်ကာ အမြင့်တင်ရေစင်မှတစ်ဆင့် ရပ်ကွက်များသို့ ဖြန့်ပေပေးခဲ့ရာ ၂၀၁၂ ခုနှစ်တွင် အဝီစိတွင်း ၀၀ တွင်းအထိ ထပ်မံတိုးချဲ့တူးဖော်ပြီး ဒလမြို့ပေါ်ရပ်ကွက် ၂၃ ရပ်ကွက်အနက် ရပ်ကွက် ၂၀ ကို စုစုပေါင်း အဝီစိတွင်းပေါင်း ၁၀ တွင်းဖြင့် ယနေ့တိုင် ရေဆက်သွယ်ဖြန့်ဖြူးပေးခဲ့ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

ဒလမြို့နယ်နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် အချင်း ၁၆ လက်မရှိ ကွန်ကရစ်ပိုက်လိုင်း အသစ်များပြောင်းလဲသွယ်တန်းမေးမည့် လုပ်ငန်းများကို ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်သို့ ရေပိုမိုပေးဝေနိုင်ရေးအတွက် 37 KW ရေတွန်းစက်နှစ်လုံးနှင့် 22 KW ရေတွန်းစက်နှစ်လုံး အားဖြည့်တပ်ဆင်ပေးခြင်း၊ ၂၄ လက်မ Ø ကွန်ကရစ်ပိုက်အရှည်ပေ ၁၇၀၀ သွယ်တန်းပေးခြင်း၊ ဂါလန်တစ်သိန်းဆံ့ ကွန်ကရစ်ရေကန်တည်ဆောက်ပေးခြင်း၊ ရေအားဖြည့်ပိုက်များဆက်သွယ်ပေးခြင်း၊ သောက်သုံးရေကန် သုံးကန်တူးဖော်ပေးခြင်း လုပ်ငန်းများကို ယမန်နှစ်အတွင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မပြင်းသော နွေရာသီတွင် ဒလပြည်သူများ ရေအခက်အခဲမရှိစေရေးအတွက် ဧပြီ ၈ ရက်မှ စတင်၍ ရေဂါလန် ၀၆၀၀ ဆံ့ ရေသယ်ယာဉ် နှစ်စီးဖြင့် နံနက်၊ နေ့လယ်နှင့် ညပိုင်း သုံးကြိမ် ဖြန့်ဝေပေးနေပြီး ယခုနွေရာသီကာလတွင် ရေဂါလန်တစ်သိန်းခန့် ပေးဝေပြီး ဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်ရှိ ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိနိုင်ရန် အချင်း ၀၆ လက်မရှိ ကွန်ကရစ်ပိုက်လိုင်းအသစ် အရှည်ပေ ၄၉၀၀ ပြောင်းလဲဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဒလမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာရပ်ကွက်တွင် သောက်သုံးရေကန် ခြောက်ကန်အနက် ကန်လေးကန်မှ ရေပေးဝေနေသည့်အပြင် ကော်မတီပိုင် ရေပိုက်လိုင်းများဖြင့် အများသုံး ဘုံပိုက်ကန် ငါးနေရာမှ အခမဲ့ ရေပေးဝေလျက်ရှိကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။ (စာရွှေဝန်း)

အဖေတူသား

"အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း၊ အပြောမတော်တစ်ခွန်း" ဆိုရိုးစကားရှိပါသည်။ ဤကဲ့သို့တစ်လုတ်၊ တစ်လှမ်း၊ စကားတစ်ခွန်းနှင့် ဘဝပျက်ခဲ့ကြရသည့် ဖြစ်စဉ်ဖြစ်ရပ်များ အများအပြား တွေ့ဖူးမြင်ဖူးပါသည်။ "စကားကျွံနုတ်ပရ" နှုတ်ထွက်စကားတစ်ခွန်းကြောင့် လောကနယ်ပယ်မှာ ချစ်ခြင်းမုန်းခြင်း သံသရာရှည်ကြာခဲ့ရသည့် သာဓကများ။ မိမိဘဝမှာလည်း စေတနာမချို့ယွင်းပါဘဲလျက် စကားအပြောအဆို မတတ်သည့်အခါ အထင်အမြင်လွဲမှားခံရမှု အကြိမ်ကြိမ် ရှိခဲ့ဖူးပါသည်။

တစ်နေ့ မိမိလေးစားသော ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် စကားစမြည်ပြောဖြစ်သည်။ ထုံးစံအတိုင်း ကျောင်းဆရာပီပီ မိမိကပဲ အာပေါင်အာရင်းသန်သန်နှင့် ဒိုင်ခံပြောနေမိသည်။ အသင်းအဖွဲ့များအကြောင်း စကားစပ်မိရင်း လက်ရှိအဖွဲ့ဝင်အဖြစ် လျှောက်ထားသည့် အသင်းအဖွဲ့တွင် တစ္ဆေကြောက်၊ မှင်စာကြောက် အသင်းသားကတ်လေးတစ်ခုရှိထားမှဟု ရည်ရွယ်ချက်ကို ရယ်စရာဟာသနှော လွှတ်ခနဲပြောမိသည်။ ချက်ချင်းများမှန်းသိလိုက်ချိန် "စကားများအမှားပါ" နှုတ်ကျွံသွားပြီ။ သိက္ခာရှိသော အဖွဲ့အစည်းတစ်ခုကို စော်ကားသလို ဖြစ်သွားရပြီ။ အမှားကိုဝန်ခံ အနူးအညွတ်တောင်းပန်ခဲ့ရပါသည်။

တစ်ရက် လုပ်ဖော်ကိုင်ဖက်လည်းဖြစ် ခမည်းခမက်လည်းတော်စပ်သူ နေမကောင်း၍ သတင်းသွားမေးသည်။ ကိုယ်တစ်ခြမ်း လေဖြန်းသွားမြင်း။ ဝဲဘက်ခြေ ရောလက်ပါ ရုတ်တရက်မလှုပ်မရှားနိုင်ဖြစ်လာ၍ ချက်ချင်းဆေးခန်းရောက်။ ၁၀ ရက်အတွင်းမှာ ဆေးဖိုးဝါးခ သောက်သောက်လဲ ကုန်သွားသည်။ မိမိသတင်း သွားမေးချိန် သက်သာနေပြီ။ ပံ့မန်မဖြစ်သေးလည်း လှုပ်နိုင်ရှားနိုင် လမ်းလျှောက်နိုင်ပြီ။ ကျောင်းနေဖက်မို့ ငယ်ငယ်တုန်းကလို "တေတေပေပေ" မနေမိဖို့ ပညာရှိသတိဖြစ်ခဲ့ပြောမိသည်။ ယခုခံစားနေရသော ဝေဒနာဖြစ်စဉ်တွင် ဝက်သား၊ ဝက်အူချောင်း၊ ငါးခြောက်များနှင့် နံ့နက်စာကို အဝစား ပြီးလျှင် စွပ်ကျယ်အကျီလေးနှင့် လေတဖြူးဖြူးတိုက်ခတ်နေသည့် နေရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား။ နိုးလာချိန် ကိုယ်တစ်ခြမ်း မလှုပ်ရှားနိုင်တော့ပြီ။ အသက် (၆၀)ကျော် မိမိတို့သည် စိတ်သွားတိုင်းကိုယ်မပါ။ ငယ်ငယ်တုန်းကလို ကျင့်ကြံနေထိုင် မရနိုင်တော့ပါပြီ။ အသက်ကို ဉာဏ်စောင့် ဆင်ခြင်နေနိုင်မှ တော်ကာကျမည်။ ဤသဘောနှင့် တေတေပေပေမနေဖို့ အကြံပေးပြောမိခြင်းကို မည်သို့သဘောပေါက်သွားသည် မသိ။ "ကျွန်တော်ကစုတ်စုတ်ပြတ်ပြတ် ညစ်ညစ်ပတ်ပတ်မနေတတ်ဘူးဆရာ"။ သုံးလေးကြိမ်မက ဤစကားကို ထပ်တလဲလဲပြောလာသည်။ "ခတ်ရာတခြား၊ ရှရာတလွဲ" ဖြစ်သွားရပြီ။ ရင်းလေရှုပ်လေနှင့် စကားသာအဖတ်တင်အလဟဿဖြစ်ချိမ့်မည်။ နေမကောင်းသူနှင့် အချေအတင် မပြောလို၍ လှည့်ပြန်ခဲ့ရပါသည်။

မကြာလိုက်ပါ။ ပုသိမ်ရောက်သားငယ် ဖုန်းဆက်လာသည်။ ထိုင်းမှသူ့အစ်ကို အကြောင်းကြား၍ ထပ်ဆင့်အသိပေးခြင်း။ သူယောက္ခမဖြစ်သူ လေဖြတ်သွား၍ သတင်းမေးသွားပေးဖို့ မိမိအား လှမ်းအကြောင်းကြားခြင်း။ ပြောလိုက်သေးသည်။ "အဖေနေမကောင်းဖြစ်တုန်းက အဖေ့အသက်ကို ကယ်ခဲ့တာ၊ အဖေပြန်ကြည့်သင့်တယ်" ဟူ၏။ စိတ်မကောင်းဖြစ်ရပါသည်။ မှန်သည်။ မိမိနေထိုင်မကောင်းဖြစ်ခဲ့တုန်းက ခမည်းခမက် ကူခဲ့ဖူးသည်။ ကျေးဇူးမမေ့ပါ။ သို့သော်. . . ။ အတွေးတစ်ချက်လင်းလက်သွားချိန် စိတ်ကို ဖြေလျှော့လိုက်နိုင်ပါသည်။ "မှားပေမှာပေါ့. . . . အဖေတူသားပဲလေ"။

"မပြောတတ်လျှင် ဆဲတာနှင့်တူသည်"။ ရှေးလူကြီးသူမများ၏ စကားလက်ဆောင် မိမိအတွက်ထားခဲ့လေသလား။

အောင်ကျော်ညို(ဆင်ချဆိပ်)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

မှန်ပြောင်းဖြင့်အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုသမှုအစီအစဉ်

အစာအိမ်၊ အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်သည်းခြေအိတ်ဆိုင်ရာ ရောဂါများအား မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်းတို့ကို
မြန်မာဆရာဝန်ကြီးများနှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ မေလ ၂ ရက်မှ ၄ ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မှန်ပြောင်းဖြင့်မီးယပ်ရောဂါဆိုင်ရာခွဲစိတ်ကုသမှုအစီအစဉ်

ကာလကြာရှည်နာကျင်ခံစားရသောပြဿနာများအပါအဝင် သားအိမ်၊ သားဥပြွန်၊ သားဥအိမ်တို့တွင်ဖြစ်ပွားသောမီးယပ်ဆိုင်ရာရောဂါများကိုမှန်ပြောင်းအသုံးပြု၍ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့်ခွဲစိတ်ကုသခြင်းအမျိုးမျိုးတို့ကို မြန်မာဆရာဝန်ကြီးများနှင့်မလေးရှားနိုင်ငံမှဆရာဝန်ကြီး တို့ပူးပေါင်း၍ မေလ ၂ ရက်မှ ၄ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင် လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၉၈၀

ပြည်တွင်းရေးရာ

မဆုတ်မနစ်ကြိုးပမ်းကြရန် MFF ဥက္ကဋ္ဌ တိုက်တွန်း

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းတာဝန်ရှိသူများ၊ ဖူဆယ်အသင်းတာဝန်ရှိသူများအား တွေ့ဆုံကာ အောင်မြင်မှုရယူနိုင်ရေး မဆုတ်မနစ် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

မေ ၂၅ ရက် နေ့လယ်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အသင်းအသီးသီး၏ အုပ်ချုပ်သူနည်းပြများက တစ်သင်းချင်းစီအလိုက် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအစီအမံများနှင့် လေ့ကျင့်နေမှုများအား ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက်တွင် MFF ဥက္ကဋ္ဌက "ကိုယ့်နိုင်ငံက အိမ်ရှင်လုပ်ခွင့်ရတဲ့အချိန်မှာ အောင်မြင်မှုတွေရဖို့ အရေးကြီးပါတယ်။ ကျွန်တော်တို့အားလုံး ဒီပြိုင်ပွဲကြီးမတိုင်မီမှာ ကိုယ်လုပ်နိုင်သမျှ အစွမ်းကုန်ကြိုးစားအားထုတ်ကြဖို့ လိုအပ်ပါတယ်။ အားလုံးပြီးသွားတော့မှ အမှားတွေအတွက် နောင်တမရချင်ပါဘူး။ ကျားကုတ်ကျားခဲနဲ့ မဆုတ်မနစ်ကြိုးပမ်းမှ အောင်မြင်မှုကရမှာပါ။ ပေါ့ပေါ့တန်တန် မလုပ်ကြပါနဲ့။ အားလုံးက လက်ရွေးစင်အသင်းအသီးသီးအတွက် ဝိုင်းလုပ်ပေးကြပါ။ ဒီဇင်ဘာဆိုတဲ့အချိန်မှာ ကျွန်တော်တို့ပြုံးနေမလား၊ စိတ်ညစ်နေရမလားဆိုတာ ဘယ်သူမှ ကြိုမပြောနိုင်ပါဘူး။ ဒါကြောင့် ဒီကြားကာလမှာ အားလုံးက ကိုယ့်စွမ်းဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ကြိုးစားကြဖို့ လိုပါတယ်" ဟု တိုက်တွန်းပြောကြားခဲ့သည်။

ထို့အပြင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အောင်မြင်မှုရရှိရန် ကြိုးပမ်းနေချိန်တွင် အခြားတာဝန်ရှိသူများအနေဖြင့်လည်း ပြိုင်ပွဲအား အောင်အောင်မြင်မြင် လက်ခံကျင်းပနိုင်ရေးအတွက် တိကျသေချာသည့် အစီအမံများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီက တာဝန်ယူစိတ်အပြည့်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

(ဇော်မင်းအောင်)

လာရောက်ဖူးမြော်

မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာလာပြီဖြစ်၍ ခရီးသွားဧည့်သည်များ မြန်မာပြည်အနှံ့ လေ့လာဆည်းပူးလျက်ရှိရာ မေ ၂၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်ရှိ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်ဖူးမြော်နေသည်ကို တွေ့ရစဉ်။

(မြင့်)

မြေပုံကူးခြင်း အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနေ

ရန်ကုန် မေ ၂၇

မြို့တော်နေ ပြည်သူများ၏ ဝန်ဆောင်မှုလုပ်ငန်းကိစ္စအဝဝတွင် အချိန်နှင့်တစ်ပြေးညီ အောင်မြင်ပြီးစီးနိုင်ရေးနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြေလျှော့နိုင်ရန်အတွက် www.ycdc.com.mm Website ဝက်ဘ်ဆိုက်မှ မြေပုံကူးခြင်းနှင့် မြေအမျိုးအစား မှန်ကန်မှု ရှိ၊ မရှိကို အွန်လိုင်းစနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်ပေးခဲ့ရာ အမှတ်တွဲလျှောက်ထားသူ ၁၁၆ ဦးနှင့် ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုလေ့လာသူ ၇၅၈၁ ဦးရှိကြောင်း YCDC မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ဒုတိယဌာနမှူး ဒေါ်တင်တင်ပြုံး၏ ပြောပြချက်အရ သိရသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် အွန်လိုင်းစနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် www.ycdc.com.mm Website ကို မတ် ၂၂ ရက်တွင် စတင်ဆောင်ရွက်ပေးခဲ့ရာ မြေပုံကူးလျှောက်ထားသူ အမှတ်တွဲပေါင်း ၁၁၆ ဦးအနက် ဘဏ်ချေးငွေရယူရန် လျှောက်ထားသူများ၊ အဆောက်အအုံအသစ် ဆောက်လုပ်ရန် လျှောက်ထားသူများ၊ အဆောက်အအုံ အကြီးစား၊ အသေးစား ပြန်လည်ပြုပြင်ရန် လျှောက်ထားသူများ၊ အိမ်ခြံဝင်းခတ်ခြင်း၊ ပြုပြင်ခြင်း လျှောက်ထားသူများနှင့် မိမိပိုင်ဆိုင်သော မြေပေါ်တွင် အဝီစိရေတွင်းထူးရန် လျှောက်ထားသူ များပြားကြောင်း တွေ့ရှိရပြီး အမည်ပေါက်မှန်ကန်မှု ရှိ၊ မရှိလျှောက်ထားသူ နည်းပါးနေသည်ကို တွေ့ရကြောင်း ဒုတိယဌာနမှူး ဒေါ်တင်တင်ပြုံး၏ ပြောပြချက်အရ သိရသည်။

မြို့တော်နေပြည်သူများ၏ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဝန်ဆောင်မှုလုပ်ငန်း ကိစ္စအဝဝကို ပြည်သူများ၏ တန်ဖိုးရှိသောအချိန်များကို ဆုံးရှုံးမှုလျော့နည်းသွားစေရန်အတွက် ပိုမိုကောင်းမွန်သော အွန်လိုင်းစနစ်သစ်များဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)**

(စောသိန်းဝင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၄-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"မြတ်နိဗ္ဗာန်" တရားတော် (ပျော်ဘွယ်ဆရာတော် ဘဒ္ဒန္တကေသဝ)
၁၀း၅၀	Myanmar Cooking Master (Third Season) (Round-3) (Part-4)
၃း၃၀	Word on The Street
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၄၅)
၇း၁၀	Style ရှိမှ Star ဖြစ်မယ်
၈း၅၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၈၉)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	Reading-QPR	(Fox Sports)
၈း၃၀	Chelsea- Swansea	(Star Sports)
၉း၃၀	Arsenal- Man U	(Fox Sports) (MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၄း၃၀	Espanyol-Granada	(Fox Sports)
၉း၃၀	Malaga-Getafe	(Star Sports)
၁၁း၃၀	Real Valladolid-Sevilla	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Real Sociedad-Valencia	(Star Sports)

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်
၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအတပ်)တို့တွင် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၂၇ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်၊ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက်မှ ၃၁ ရက်ထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များနှင့် မန္တလေးမြို့တွင် အခြေပြုသည့် ကျောက်မျက်တူးဖော်ရေးဌာန၊ မန္တလေး(စခန်းရုံး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁)ရက်
၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရတနာဈေးအတပ်)တို့တွင် ၂၀၁၃ခုနှစ်၊ ဇွန်လ ၁၅ ရက်မှ ၂၇ ရက်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ (၅၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၁၄ ရက်ထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ





အနုပညာ

ဒါရိုက်တာ ဘင်အက်ဖ်လက်အား အနုပညာဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းမည်

Brown University ၏ မေ ၂၆ ရက်တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် စာရေးဆရာ သိပ္ပံပညာရှင်နှင့် ပညာရေးကဏ္ဍ စသည့် ထူးချွန်မျိုးစုံမှ ထူးချွန်ပုဂ္ဂိုလ်

ခြောက်ဦးကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ Argo ဇာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သူ ဒါရိုက်တာဘင်အက်ဖ်လက်အား အနုပညာဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆုတံဆိပ်ရောက်လက်ခံရယူမည့်သူများအနက် ဘင်အက်ဖ်လက်သည် တစ်ဦးအပါအဝင်ဖြစ်ပြီး အခြားဆုရှင်များအနေဖြင့် ကိန်းဘရစ်ချ်မြို့ Massachusetts Institute of Technology မှ ပါမောက္ခ Junot Diaz နှင့် စတန်ဖိုဒ်တက္ကသိုလ်မှ ဇက်တီးရီးယားဆိုင်ရာ သိပ္ပံပညာရှင် Stanley Falkow စသည့် အခြားသော ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။

ဒါရိုက်တာဘင်အက်ဖ်လက်သည် ၂၀၁၂ ခုနှစ် အော်စကာဆုပေးပွဲတွင် Argo ဇာတ်ကားဖြင့် အကောင်းဆုံး ဇာတ်ကားဆုရရှိခဲ့ပြီး ၁၉၉၇ ခုနှစ်က အမေရိကန် ဇာတ်ညွှန်းရေးဆရာ မက်ဒေးမွန်နှင့်အတူ Good Will Hunting ဇာတ်ကားဖြင့် အော်စကာဆုကို ရရှိခဲ့ပြီးသည်။

၎င်းအပြင် Armageddon ဇာတ်ကား Pearl Harbor ဇာတ်ကား Shakespeare in Love ဇာတ်ကားနှင့် The Town ဇာတ်ကားများတွင် ဘင်အက်ဖ်လက်၏ ထူးခြားကောင်းမွန်လှသော သရုပ်ဆောင်ချက်များကြောင့် အဆိုပါဆုကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်းသိရသည်။

Senna ဇာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သူ ဒါရိုက်တာအာဆစ်ဖ်ကာပါဒီယာက ၂၀၁၁ ခုနှစ်အတွင်းက ကွယ်လွန်ခဲ့ရသည့် ဂီတကြယ်ပွင့် အေမီဝိုင်းဟောက်စ်၏ မှတ်တမ်းရုပ်ရှင်ကို တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းက အသက် (၂၇)နှစ်အရွယ်ဖြင့် ကွယ်လွန်ခဲ့သူ တေးသံရှင် အေမီဝိုင်းဟောက်စ်၏ သမိုင်းမှတ်တမ်းဝင်မည့် အဆိုပါရုပ်ရှင်ကားတွင် သူမ၏ အနုပညာလောကသို့ စတင်ဝင်ရောက်လာပုံ၊ ဘဝလူနေမှုပုံစံများနှင့် ဂီတလောကအတွင်း ကျင်လည်ခဲ့ပုံများကို ရိုက်ကူးသွားမည်ဖြစ်သည်။

အေမီ၏ အတ္ထုပ္ပတ္တိကို ရိုက်ကူးရန်အတွက် မြောက်မြားလှစွာသော အဆိုပြုလွှာများ လက်ခံရရှိခဲ့သော်လည်း ဒါရိုက်တာအာဆစ်ဖ်ကာပါဒီယာနှင့် ဆုတ်လုပ်သူ ဂျိမ်းစ်ဂေးနီးစ်တို့၏ ဖန်တီးမှုများသည် ပိုမိုရသမြောက်သော ခံစားမှုများပေးစွမ်းနိုင်မည်ဖြစ်ကြောင်းနှင့် အေမီ၏ အရှိအတိုင်း မှန်ကန်သောဘဝပုံစံကို ပိုမိုသက်ရောက်မြောက်အောင် ပုံဖော်ပေးနိုင်မည်ဟု ယူဆပါကြောင်း တေးသံရှင် အေမီဝိုင်းဟောက်စ်၏ မိသားစုများက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒါရိုက်တာ အာဆစ်ဖ်ကာပါဒီယာသည် ဗြိတိန်နိုင်ငံမှ ဗြိတိန် ဒါရိုက်တာတစ်ဦးဖြစ်ပြီး အော်စကာဆုရ ဇာတ်ကားပေါင်းများစွာထိ ပုံဖော်ရိုက်ကူးပေးခဲ့သူဖြစ်သည်။ ၎င်းရိုက်ကူးခဲ့သည့် Senna ဇာတ်ကားသည်လည်း ၁၉၉၄ ခုနှစ်က ကွယ်လွန်ခဲ့သည့် ဘရာဇီးမှ ကားမောင်းချန်ပီယံ Ayrton Senna ၏ အတ္ထုပ္ပတ္တိကို ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

ကွယ်လွန်ကြယ်ပွင့် အေမီဝိုင်းဟောက်စ်၏ အတ္ထုပ္ပတ္တိ ဒါရိုက်တာအာဆစ်ဖ်ကာပါဒီယာ ရုပ်ရှင်ရိုက်ကူးမည်

တေးသံရှင် ဘီယွန်စေး၏ Mrs.Carter Show ကမ္ဘာလှည့်ဂီတခရီးစဉ်ကို ဗီဒီယိုဖိုင်ဖြင့် ကြည့်ရှုနိုင်

အမေရိကန် အဆိုတော်နှင့် တေးရေးဆရာ ဘီယွန်စေး၏ Run the World(Girls) သီချင်းအပါအဝင် Mrs Carter Show အမည်ရှိ သူမ၏ ကမ္ဘာလှည့် ဂီတဖျော်ဖြေပွဲခရီးစဉ်ဗီဒီယိုဖိုင်ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

စက္ကန့် ၉၀ ကြာမြင့်သည့် အဆိုပါဗီဒီယိုတွင် ဘီယွန်စေး ပထမဆုံးစတင်ဖျော်ဖြေခဲ့သည့် နိုင်ငံများဖြစ်သည့် ဆားဘီးယား၊ ခရိုအေးရှားနှင့် ဆလိုဗက်ကီးယားနိုင်ငံများ၌ ဧပြီ ၁၅ ရက်မှ စတင်ကာ စက်တင်ဘာ ၁၃ ရက် အထိ ဖျော်ဖြေမှုများကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် Love on Top နှင့် Halo သီချင်းသီဆိုမှုများကိုပါ တွေ့မြင်ရမည့် ယင်းဗီဒီယိုကို Parkwood အင်န်တာတိန်းမန့်မှ ဖြန့်ချိမည်ဖြစ်သည်။

ဆက်လက်ပြီး တေးသံရှင် ဘီယွန်စေးသည် ဧပြီ ၂၅ ရက်ညက ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖျော်ဖြေခဲ့ပြီး ဇွန် ၀ ရက်တွင် ဥရောပသို့ဆက်လက်ခရီးထွက်သွားမည်ဖြစ်သည်။ ထို့နောက် လေးပတ်ကြာအနားယူပြီး ဇွန် ၂၈ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့မှစတင်ကာ ဖျော်ဖြေပွဲခရီးစဉ်များကို ဆက်လက်ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

တေးသံရှင် ဘီယွန်စေးက သူမ၏ အဆိုပါ ဂီတဖျော်ဖြေပွဲကို Mrs.Carter ဟု အမည်ပေးရခြင်းမှာ ခင်ပွန်းဖြစ်သူ Jay-Z ၏ နာမည်အရင်းမှာ Shawn Corey Carter ဖြစ်ပြီး ၎င်း၏နာမည်ကို ရယူကာမှည့်ခေါ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ပြုစုနှင့်မြင့် ➤ စုစည်းရေးသားသည်

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
H, N ဗုံး
ကြော်ငြာနှင့်ဖြန့်ချိရေးဖုန်း - ၂၉၀၈၃၃၊ ၂၉၂၈၁၀၊ ၂၉၉၄၂၈

အာကျိုးဆောင်
City Mart
Ph : 01-387127, 375537
SEA GAMES
HDB

အာဆင်နယ်နှင့်ပွဲတွင် ဗန်ပါစီအား လှောင်ပြောင်မှုများရှိလာနိုင် အာဆင်နယ်ပရိသတ်၏ဝေဖန်မှုကိုလျစ်လျူရှုရန် ဖာဂူဆန်ပြောကြား

ဧပြီ ၂၈ ရက်တွင် အာဆင်နယ်၏ အမ်းမရိတ်ကွင်း၌ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ ပရီးမီးယားလိဂ်ပွဲစဉ်(၃၅)အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ယင်းပွဲစဉ်တွင် ဗန်ပါစီအား အာဆင်နယ်ပရိသတ်က လှောင်ပြောင်မှုများ ရှိလာနိုင်ကြောင်းနှင့် ဗန်ပါစီအနေဖြင့် ယင်းဝေဖန်မှုများကို ဥပေက္ခာပြုရန် မျှော်လင့်ထားကြောင်း မန်ယူအသင်းနည်းပြ ဖာဂူဆန်က ပြောကြားခဲ့သည်။

တိုက်စစ်မှူးဗန်ပါစီသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလာခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ယခုနှစ် ပရီးမီးယားလိဂ်ဖလားရယူနိုင်ရေးအတွက် အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

တိုက်စစ်မှူးဗန်ပါစီသည် အင်္ဂလန်ပြန်လာအသင်းနှင့်ပွဲစဉ်တွင် သွင်းယူပေးနိုင်ခဲ့သည့် ဟက်ထရစ်ဂိုး အပါအဝင် ပရီးမီးယားလိဂ်သွင်းဂိုး ၂၄ ဂိုးဖြင့် ဂိုးသွင်း အများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိပြီး ရွှေဖိနပ်ဆုနှင့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု အတွက်လည်း ရေပန်းစားနေသော တိုက်စစ်မှူးတစ်ဦး ဖြစ်သည်။

သို့ရာတွင် ဧပြီ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် အသင်းဟောင်းအာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် အာဆင်နယ်ပရိသတ်၏ ပြင်းထန်သောဝေဖန်မှုများ ရှိလာနိုင်သည်ဟု ဆိုကာ အာဆင်နယ်ပရိသတ်၏ လှောင်ပြောင်မှုများကို လျစ်လျူရှုထားရန် တိုက်စစ်မှူးဗန်ပါစီအား မန်ယူ အသင်းနည်းပြဆာအဲလက်စ်ဖာဂူဆန်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းမှထွက်ခွာမည့် နာနီအား ယူဗင်တပ် ခေါ်ယူမည်ဟုဆို

နိုင်လင်းကြည်

မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသော ပေါ်တူဂီတောင်ပံကစားသမား နာနီသည် မန်ယူအသင်းမှ ထွက်ခွာတော့မည်ဖြစ်သောကြောင့် အီတလီ



စီးရီးအေကလပ် ဂျူဗင်တပ်အသင်းက ၎င်းအား တစ်ပတ်လုပ်ခပေါင် ၁၃၀၀၀၀ ပေး၍ ခေါ်ယူရန်အသင့်ရှိနေကြောင်း သိရသည်။

အီတလီစီးရီးအေ၏ အင်အားကြီးအသင်းဖြစ်သည့် ဂျူဗင်တပ်အသင်းက အဆိုပါ ပေါ်တူဂီကြယ်ပွင့် နာနီအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်းနှင့် လက်ရှိမန်ယူအသင်းကပေးသော လုပ်ခလစာ၏ နှစ်ဆဖြင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက်(၂၆)နှစ်အရွယ် တောင်ပံကစားသမား နာနီသည် မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန်အတွက်မူ ငြင်းဆိုခဲ့ပြီး မည်သည့်အကြောင်းရင်းဖြင့်ပင်မဆို လာမည့် ဘောလုံးရာသီပြီးဆုံးပါက အိုးထရက်ဖို့ဒ်ကို စွန့်ခွာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် တောင်ပံကစားသမား နာနီအား ပြီးခဲ့သည့်ဘောလုံးရာသီကတည်းက ခေါ်ယူလိုခဲ့သော်လည်း မန်ယူအသင်းက လုပ်ခလစာတိုးပေး၍ အိုးထရက်ဖို့ဒ်၌ ဆက်ထိန်းထားရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် အကောင်အထည်မပေါ်ခဲ့ပေ။

မန်ယူတောင်ပံကစားသမား နာနီသည် ဂျူဗင်တပ်အသင်း၏ စိတ်ဝင်စားလျက်ရှိသော ကစားသမားတစ်ဦး ဖြစ်ပြီး ဇီးနစ်စ်ဂျီအသင်းက ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းလာမှုကို ငြင်းပယ်လိုက်ကြောင်း သိရသည်။

လီဗာပူးအသင်း အင်ဒိုနီးရှားသို့ ချစ်ကြည်ရေးသွားရောက်ကစားမည်

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် ယခုနှစ် ဇူလိုင်လလယ်တွင် အင်ဒိုနီးရှားနိုင်ငံသို့ အလည်အပတ် သွားရောက်ရန် စီစဉ်ထားပြီး အင်ဒိုနီးရှားအမျိုးသားဘောလုံးအသင်းနှင့် ချစ်ကြည်ရေးပွဲကစားမည်ဖြစ်ကြောင်း လီဗာပူးအသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လီဗာပူးအသင်း၏ အင်ဒိုနီးရှားခရီးစဉ်သည် အသင်း၏ ရာသီအကြိုခရီးစဉ်တစ်ခုဖြစ်ကြောင်းနှင့် ယင်း ချစ်ကြည်ရေးပွဲတွင် အသင်း၏ကစားသမားအများစု ပါဝင်ကစားမည်ဖြစ်ကြောင်း လီဗာပူးအသင်းမှ တာဝန်ရှိသူ မက်သျူဘက်တာနှင့် အသင်းသံတမန် အီယန်ရက်ရှ်က ပြောကြားခဲ့သည်။

လီဗာပူးအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ချစ်ကြည်ရေးကစားရန် ဇူလိုင် ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိရန် စီစဉ်ထားကြောင်းနှင့် လီဗာပူးအသင်း၏ အရှေ့ဖျားဒေသရာသီအကြိုခရီးစဉ်အတွင်း ထိုင်းနှင့် သြစတြေးလျတို့သို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဆန်းတို့စ်အသင်းမှ ဘရာဇီးတိုက်စစ်မှူးနေမာ လာမည့်ရာသီတွင် ဥရောပသို့ပြောင်းရွှေ့ကစားမည်

ဘရာဇီးစီးရီးအေကလပ် ဆန်းတို့စ်အသင်းမှ တိုက်စစ်မှူးနေမာသည် လာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပသို့ သွားရောက်ကစားလိမ့်မည်ဖြစ်ကြောင်း နေမာ၏ ဖခင်နှင့် အေးဂျင့်က ပြောကြားခဲ့သည်။

ဘရာဇီးတိုက်စစ်မှူးနေမာအား ဥရောပ၏ ထိပ်တန်းအဆင့်ရှိအသင်းကြီးများဖြစ်သည့် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အဆိုပါအသင်းကြီးများကလည်း ပြောင်းရွှေ့ကြေး ပေါင် သန်း ၅၀ ပေး၍ နေမာကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

နေမာသည် ဘာစီလိုနာအသင်း၏ ပထမဦးစားပေးပစ်မှတ်ဖြစ်ပြီး ဘာစီလိုနာအသင်းက နေမာနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ရန် အသင့်ရှိနေကြောင်း သိရသည်။

တာရာနာပရိသတ်တွေမျှော်လင့်နေတဲ့ဗိုလ်စိန်မှန်ဇမ္ဗူသဘင်
သီတဂူရေအလျှုတော်
ရွှေပြည်ဟိန်းဆရာတော် ၂၉-၄-၂၀၁၃(တနင်္လာနေ့)
ညစဉ် (၇း၃၀) နာရီ ဗိုလ်စိန်မှန်အားကစားကွင်း၊ ဝတ်နီ
သီတဂူဆရာတော် ၃၀-၄-၂၀၁၃(အင်္ဂါနေ့)
လမင်း... အလင်းရောင်၊ ဉာဏ်တန်ဆောင်ဖြင့်၊ ပိုက်ပျောင်ပယ်ခွင်း၊ နိဗ္ဗာန်ချဉ်းရန်၊ ဆောင်ပို့ရည်သန်၊ ဗိုလ်စိန်မှန်။

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ဆရာငွေ အင်္ဂလိပ်စာသင်တန်း
တစ်နိုင်ငံလုံးမှာ မူလတန်းတွင် သင်ကြားသော ...
မေလ (၂/၄) ရက်နေ့ (မ/၃)တန်းဖွင့်မည်။ ...
၂၂၄ ... ရန်ကုန်မြို့
Ph: 01-375970, 0951 72096, 0950 47516

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ချစ်ပိုင်သစ္စာ
ကျိုက်ထီးရိုး
ချောင်းသာ
01-569782, 09-73198239

အမည်ပြောင်း
ရမည်းသင်းမြို့၊ အထက(၁)မှ အဖ ဦးကျော်ဦး[၉/ရမသ(နိုင်)၀၁၈၃၄၂]၏ သား 'မောင်ချစ်ဆန်းကို' ကို 'မောင်လင်းသူ' ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရှမ်း

လားရှိုးတွင် သုံးဘီးဆိုင်ကယ်က လမ်းဘေးဓာတ်တိုင်အား ဝင်တိုက်

လားရှိုး မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အချိုရည်ဖာများတင်ဆောင်လာသည့် သုံးဘီးမော်တော်ဆိုင်ကယ်သည် ပလက်ဖောင်းပေါ်သို့ အရှိန်လွန်၍ တက်ရောက်သွားပြီး လမ်းဘေးရှိ ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင်အား တိုက်မိခဲ့သည့် ဖြစ်စဉ်တစ်ခု မေ ၂၆ ရက် ညနေ ၄ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။ **(ယာဉ်)**

ထိုသို့ တိုက်မိသည့်အတွက် ကွန်ကရစ်ဓာတ်တိုင်မှာ အောက်ခြေမှ လုံးဝပြုတ်ထွက်သွားပြီး သွယ်တန်းထားသော လျှပ်စစ်မီးကြိုးအချို့ ပြုတ်ကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ဝင်တိုက်သည့် သုံးဘီးဆိုင်ကယ်သည်လည်း ယာဉ်တွင် တပ်ဆင်ထားသော အပိုရေတိုင်ကီပျက်စီးခြင်း၊ ဆိုင်ကယ်ရှေ့ဘီး ခွေကောက်သွားခြင်း၊ ရှေ့လက်ကိုင် ကောက်ကွေးသွားကာ တင်ဆောင်လာသော အချိုရည်ဖာများ လွင့်စဉ်ထွက်ကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

(ချယ်ရီလှိုင်)

ကုန်တင် ၁၀ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်မှု ကော့သောင်းမြို့တွင် ဖြစ်ပွား

ကော့သောင်း မေ ၂၇

ကော့သောင်းမြို့ (၁၀)မိုင်ကျေးရွာအုပ်စုအပိုင် (၈)မိုင်ကျေးရွာအနီး ကော့သောင်း-ဘုတ်ပြင်းကားလမ်းပေါ်တွင် မေ ၂၄ ရက် ညနေ ၆ နာရီခွဲခန့်တွင် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့ အောင်သုခရပ်ကွက် ရွှေမင်းဝံ(၁)လမ်း အမှတ်(၄၅၁)နေ ဦးရွှေမြိုင်(ခ)မင်းဝင်းမြိုင် (၃၆)နှစ်နှင့်အတူ ဦးမောင်စိုး (၅၃)နှစ်တို့ နှစ်ဦးသည် ဟွန်ဒါ Wave I 125 အဖြူရောင်မော်တော်ဆိုင်ကယ်ဖြင့် ရင်းတို့ပိုင် (၉) မိုင် ဥယျာဉ်ခြံမှ ကော့သောင်းမြို့သို့ပြန်လာကြရာ တစ်ဖက် ကော့သောင်းမြို့တွင်းမှ ယုဇနဆီအုန်းကမ္ဘာဏီသို့အပြန် ကုန်အပြည့်တင်ဆောင်လာသည့် ၁၀ ဘီးယာဉ်အနောက်ဘက်ရှိ သံတန်းခြေနင်းခုံဖြင့် ဝင်ရောက်ချိတ်မိခဲ့သည်။ မော်တော်ဆိုင်ကယ်လဲကျပြီး ဆိုင်ကယ်မောင်းနှင်လာသူ ဦးဝင်းမြိုင်(ခ)မင်းဝင်းမြိုင်မှာ ကားနောက်ဘီးဖြင့် ကြိတ်မိသဖြင့် ဦးခေါင်းတစ်ခုလုံး ကြေမွ၍ နေရာတွင်ပင် သေဆုံးကာ နောက်မှထိုင်လိုက်သူ ဦးမောင်စိုးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

(ကျော်စိုး)

မူးလျှင်မမောင်းရ၊ မောင်းလျှင်မမူးရ

ရန်ကုန် မေ ၂၇

မေ ၂၅ ရက်နံနက် ၃ နာရီတွင် ဦးဝင်းမြင့် (၅၂)နှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ပန်းပင်ဥယျာဉ်နှင့် အားကစားကွင်းများဌာန) သည် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းရှိ သွေးဆေးကန် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေစဉ် လူသုံးဦး ရေကန်ထဲမှထွက်ပြေးသွားကြောင်း တွေ့ရသည်။

ကန်ပေါင်ဘေးတွင် ဘက်ထရီ ရှောတိုက်ရာတွင် အသုံးပြုသော ဘက်ထရီအိုး နှစ်လုံးပါ ဓာတ်မီးနှင့် ဝါယာကြိုးတပ်ဆင်ထားသည့် ပလတ်စတစ်ပုံး သုံးပုံး၊ သံဆန်ခါပိုက်တပ်လျက် ဝါယာကြိုးပါ ဝါးလုံးရှည်ချောင်း၊ ခြောက်ဂါလန် ပလတ်စတစ်ပုံးနှစ်ပုံးဖြင့် ငါးမျိုးစုံ အလေးချိန် ၁၅ ပိဿာ ခန့်တို့နှင့်အတူ မြောက်ဥက္ကလာပ မြို့နယ်နေ ကြည်သောင်း (၂၈)နှစ်၊ ဘိုဘိုအောင် (၂၆)နှစ်နှင့် သူရ အောင်ဖြိုး(၁၈)နှစ်တို့ သုံးဦးအား တွေ့ရှိ၍ လည့်ကင်းလှည့်နေသော ဒုရဲအုပ် ဇော်မြင့်သန်းအဖွဲ့က ဖမ်းဆီးရမိပြီး ဗဟန်းရဲစခန်းက(ပ) ၁၆၉/၁၃၊ ပုဒ်မ ၃၇၉ အရ အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

(၃၀)

ဗဟန်းမြို့နယ် သွေးဆေးကန်မှ ငါးသူခိုးများ ဖမ်းဆီးရမိ

အရှိန်မထိန်းနိုင်သည့်ဒိုင်နာယာဉ် ကျောက်နံရံအားတိုက်မိ တစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရ

ဟဲဟိုး မေ ၂၇

ရှမ်းပြည်နယ် ဟဲဟိုးမြို့ ပြည်ထောင်စုလမ်းမပေါ်တွင် ကျောက်ဆည်အလှူမှပြန်လာသော ဆိုင်းအဖွဲ့အားတင်ဆောင်လာသည့် ဒိုင်နာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကျောက်နံရံအားဝင်ရောက်တိုက်မိရာ တစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဟဲဟိုးမြို့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သီခေါင်တောင်အဆင်း မိုင်တိုင်အမှတ် (၈၇/၄) နှင့် (၈၇/၅) အကြား၌ ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ ဟဲဟိုးရဲစခန်းမှူး ရဲအုပ်ကျော်သီဟနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်အလှူပွဲမှ ပြန်လာပြီး အောင်ပန်းမှ တောင်ကြီးဘက်သို့ ယာဉ်မောင်းတင်ထွန်း (၃၅) နှစ်ဘုရားဖြူရပ် တောင်ကြီးမြို့နေသူ မောင်းနှင်လာသော ၈က/---- ဒိုင်နာ (အဖြူရောင်) ခြောက်ဘီးယာဉ်သည့် စိုင်းဗိုလ်ဟိန်း (ဆိုင်းအဖွဲ့၊ အမှတ် (၇၈) သိမ်ရတနာလမ်း ရတနာသီရိရပ် တောင်ကြီး)မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ငါးဦး ပေါင်း ၁၉ ဦးအား တင်ဆောင်မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လက်ဝဲဘက်ခြမ်းရှိ ကျောက်နံရံအား ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်ပေါ်စီးနင်း လိုက်ပါလာသူ တင်ထွန်းပါ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ငါးဦးတို့ ဒဏ်ရာရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား ဟဲဟိုးဆေးရုံနှင့် တောင်ကြီးစဝ်စံထွန်းဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအနက် စိုင်းဗိုလ်ဟိန်းမှာ နားနှစ်ဖက် သွေးထွက်၊ ဝဲခြေထောက် ပေါက်ပြဲဒဏ်ရာများရရှိပြီး တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း တင်ထွန်းမှာ သေဆုံးသွားကြောင်း သိရသဖြင့် ပြစ်မှုပုဒ်မ ၃၀၄(က) အရ ထပ်မံစစ်ဆေးသွားမည့်ဖြစ်ကြောင်း သိရသည်။

စိုင်းတင်ဦး (ရှမ်း/တောင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်
"ကြေညာချက်"

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသံလွှင့်ကျွမ်းကျင်(၂)၊ ရုပ်သံကျွမ်းကျင်(၂)နှင့် အီလက်ထရွန်နစ် ကျွမ်းကျင်(၂)(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးများအတွက် ၁၇-၁၁-၂၀၁၂ ရက်တွင် နေပြည်တော်၊ တပ်ကုန်းနှင့် ရန်ကုန်တွင် ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေစာမေးပွဲနှင့် ၂၄-၁၂-၂၀၁၂ ရက်မှ ၃၀-၁၂-၂၀၁၂ ရက်အထိ နေပြည်တော်၊ တပ်ကုန်းတွင် စစ်ဆေးခဲ့သည့် လုံတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) အသံလွှင့်ကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။ သ-၁၀၉၊ သ-၁၄၈၊ သ-၁၅၅၊ သ-၂၂၁၊ သ-၇၂၊ သ-၂၃၉၊ သ-၃၅၀၊ သ-၅၂၂၊ သ-၅၂၁၊ သ-၅၉၁(တက)၊ သ-၅၂၃၊ သ-၂၄၇၊ သ-၂၆၅၊ သ-၅၉၀(ရက)

(ခ) ရုပ်သံကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။ ရ-၇၊ ရ-၃၃၊ ရ-၄၉၊ ရ-၅၆၊ ရ-၁၀၃၊ ရ-၁၁၈၊ ရ-၁၄၂၊ ရ-၁၄၉၊ ရ-၁၅၀၊ ရ-၁၅၅၊ ရ-၁၅၈၊ ရ-၁၅၉၊ ရ-၀၆၀၊ ရ-၁၇၃၊ ရ-၁၈၅၊ ရ-၂၀၂၊ ရ-၂၁၇၊ ရ-၂၃၉၊ ရ-၃၁၃၊ ရ-၃၂၁၊ ရ-၃၅၄၊ ရ-၃၇၇၊ ရ-၄၀၇၊ ရ-၄၉၆၊ ရ-၆၅၂၊ ရ-၆၅၉၊ ရ-၆၆၈၊ ရ-၆၇၉၊ ရ-၆၈၆၊ ရ-၆၈၉၊ ရ-၆၉၃၊ ရ-၆၉၄၊ ရ-၆၉၅၊ ရ-၆၉၈၊ ရ-၇၃၃၊ ရ-၇၄၈၊ ရ-၇၅၆၊ ရ-၇၆၄၊ ရ-၈၀၈၊ ရ-၈၃၀၊ ရ-၈၃၆၊ ရ-၈၄၁၊

(ဂ) အီလက်ထရွန်နစ်ကျွမ်းကျင်(၂)ရာထူး

ခုံအမှတ်။ ။ အ-၂၊ အ-၈၊ အ-၉၊ အ-၁၀၊အ-၁၁၊ အ-၁၈၊ အ-၂၄၊ အ-၂၅၊ အ-၃၀၊ အ-၃၃၊ အ-၃၈၊ အ-၃၉၊ အ-၇၁၊ အ-၈၉၊ အ-၉၁၊ အ-၉၄၊ အ-၁၀၆၊ အ-၁၀၈၊ အ-၁၂၁၊ အ-၁၂၃၊ အ-၁၂၄၊ အ-၁၂၆၊ အ-၁၃၀၊ အ-၁၃၁၊ အ-၁၃၂၊ အ-၁၄၀၊ အ-၁၄၁၊ အ-၁၄၄၊ အ-၁၅၂၊ အ-၁၅၇၊ အ-၁၆၆၊ အ-၁၆၉၊ အ-၁၇၀၊ အ-၁၇၁၊ အ-၀၇၂၊ အ-၁၈၃၊ အ-၁၉၁၊ အ-၁၉၆၊ အ-၂၀၀

၂။ အထက်ဖော်ပြပါ စာမေးပွဲဖြေဆိုအောင်မြင်သူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်၊ တပ်ကုန်းသို့ အလုပ်ဝင်ရောက်နိုင်ရန်အတွက် ၂-၅-၂၀၁၃ ရက်ထက်မစော ၅-၅-၂၀၁၃ ရက်ထက် နောက်မကျစေဘဲ လာရောက်သတင်းပို့ကြရန်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား



အမြို့မြို့အနယ်နယ်သတင်း

မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေများလှူဒါန်း

ညောင်ဦး ဧပြီ ၂၇

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယဉ်ဆန်းကျေးရွာတွင် ဧပြီ ၂၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သော အိမ်ခြေ ၁၉ အိမ်နှင့် မီးဘေးသင့်ပြည်သူ ၁၀၉ ဦးအား ကျေးရွာရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးမှူးက ကယ်ဆယ်ရေး ကော်မတီအဖွဲ့များ ဖွဲ့စည်းပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကယ်ဆယ်ရေးစခန်းကိုလည်း ဆုတောင်းပြည့် မွှာရုံကျောင်းဝင်းအတွင်းတွင် ဖွင့်လှစ်ထားရှိပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် မြို့ပေါ်ရပ်ကွက်အသီးသီးတို့ရှိ စေတနာရှင်များနှင့် ပူးပေါင်း၍ ငွေကျပ် ၃၄ သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာပစ္စည်းများနှင့် အဝတ်အထည်များကို လာရောက်လှူဒါန်းခဲ့ကြသည်။ ညောင်ဦးမြို့ပေါ်မှ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များကလည်း အလှူငွေနှင့် အဝတ်အထည်များကို လာရောက်လှူဒါန်းလျက်ရှိသည်။ ယဉ်ဆန်းကျေးရွာနှင့် ရွာနီးချုပ်စပ်နှင့် အလှူအရှင် အဖွဲ့အစည်းအသီးသီးမှ လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှ ဦးဇော်ဝိတ်နှင့် အဖွဲ့တို့ကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အသီးသီးလာရောက်လှူဒါန်းလျက်ရှိရာ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် ဆန်အိတ်အလုံး ၂၀၀ ကျော်ကိုလည်းကောင်း အလှူငွေ သိန်း ၁၀၀ ကျော်တို့ကိုရရှိပြီးဖြစ်သည်ဟု ဧပြီ ၂၆ ရက် နံနက်တွင် သိရသည်။

(ကျော်ဌေး-ညောင်ဦး)

နှစ်တစ်ရာကျော်ရှေးဟောင်းရုပ်ပွားတော်

မင်းဘူး ဧပြီ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရွာသာယာကျေးရွာ ကျောက်မော်ကျောင်းတိုက်တွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော်ကြာသက်တမ်းရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် တရားဟောပလ္လင်၊ စာတိုက်နှင့် ဗီရိုစသည်များကို တွေ့ရသည်။

ကျောက်မော်ကျောင်းသည် ကျွန်းတိုင်အလုံးပေါင်း ၁၀၀ ကျော်၊ အဆောင်လေးဆောင်၊ အုတ်လှေကားနှစ်စင်းဖြင့် တည်ဆောက်ထားသော်လည်း နှစ်ပရိစ္ဆေဒများစွာကြာခဲ့ပြီး မိုးဒဏ်လေဒဏ်များကြောင့် အဆောင်နှစ်ဆောင်ပျက်စီးသွားခဲ့သည်။ ယခုအခါ ကျောင်းပေါ်၌ ပထမဆရာတော် ဦးသီဟလက်ထက်ကတည်းက ကိုးကွယ်ခဲ့သော မတ်ရပ်ရုပ်ပွားတော်တစ်ဆူကိုဖူးမြော်ခွင့်ရခဲ့သည်။

"ဒီရုပ်ပွားတော်ဟာ နှစ်ပေါင်း ၁၅၀ လောက်ရှိပြီ၊ သစ်ကနက်သားနဲ့ ထုထားတာ၊ မန္တလေးရွှေမြို့တော်မှ သစ်ထွင်းပန်းပုဆရာကြီး ဆရာခြိမ့်ရဲ့လက်ရာလို့ မှတ်သားရဖူးတယ်၊ ဉာဏ်တော်အမြင့်က ငါးပေရှိတယ်။ မျက်လုံးတော်က အရှင်၊ မြတ်စွာဘုရား ကောင်းကင်မှာ ဈာန်ကြွနေပုံဖြစ်ပါတယ်။ ရှေးဟောင်းရွှေများနဲ့ချထားတာကြောင့် ဘယ်တော့မှ အရောင်မမှိန်ဘူး။ ရွှေရောင်တဝင်းဝင်းနဲ့ ရှေးဟောင်းအမွေအနှစ်တွေ မပျောက်မပျက်အောင် ဦးဇင်းတို့ ဆက်ပြီးထိန်းသိမ်းထားရတယ်"ဟု လက်ရှိကျောင်းထိုင်ဆရာတော် ဦးပညာဇောတက မိန့်ကြားခဲ့သည်။

(မကွေးလှမြင့်)

ရေတာရှည်မြို့နယ်အတွင်း ကျေးရွာအချို့ သောက်သုံးရေရှားပါး

ရေတာရှည် ဧပြီ ၂၇

နေ့အပူချိန်များ သိသိသာသာမြင့်တက်လာခြင်းနှင့်အတူ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ ဘုရားကုန်းကျေးရွာအုပ်စု သဲတောကျေးရွာတွင် သောက်သုံးရေတွင်းများ ရေခန်းခြောက်လျက်ရှိ၍ ရွာနှင့်ကပ်လျက် စီးဆင်းလျက်ရှိသော ဘင်ဖြဲချောင်းငယ်မှ ရေအနည်းငယ်ကိုသာ သဲကျင်းယက်ကာ အသုံးပြုနေကြရသည်ကို တွေ့မြင်ခဲ့ရသည်။ **(ယာပုံ)**

"ကျွန်မတို့အိမ်က ရေတွင်းက မိသားစုအတွက်တောင် ရေချိုးရင် တစ်ယောက်တစ်လှည့် ချိုးရတာ၊ သုံးရေကတော့ နံနက် ၅ နာရီလောက်ကတည်းက ထပြီးခပ်ထားရတယ်။ အခုနောက်ပိုင်းမှာ ရေကအတော့်ကို ရှားလှန်းလို့ ချောင်းထဲမှာပဲ သွားချိုးကြရတယ်" ဟု သဲတောကျေးရွာနေ ဒေသခံအမျိုးသမီးတစ်ဦးက ပြောပြသည်။ အနည်းငယ်စီးဆင်းနေသော ဘင်ဖြဲချောင်းငယ်လေးကို အိမ်ခြေ ၆၀၀ ဝန်းကျင်ရှိသော သဲတောကျေးရွာနေ ဒေသခံများအတွက် အဓိကသုံးစွဲလျက်ရှိကြရာ သောက်သုံးရေအတွက် ကျိုချက်၍ သုံးစွဲနေကြရကြောင်း သိရသည်။

(၅၇၈)

CDMA 800 MHz ဖုန်းများရောင်းချပေးမှုကြောင့် မိုဘိုင်းဖုန်းအရောင်းဆိုင်များ အရောင်းသွက်

မန္တလေး ဧပြီ ၂၇

မန္တလေးမြို့တွင် ဧပြီ ၂၄ ရက်က ကျပ် ၁၅၀၀ တန် CDMA 800 MHz တန်ဖိုးနည်း ဆင်းကတ်များ ရောင်းချပေးမှုကြောင့် မိုဘိုင်းဖုန်း အရောင်းဆိုင်များ အရောင်းသွက်လျက်ရှိသည်။ တပ်ဆင်ထားသော မိုဘိုင်းတိုင်နှင့် စက်ကိရိယာများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်များဖြစ်ရာ အသုံးပြုမည့်တရုတ်ဟန်းဆက်များအတွက် အဆင်ပြေလျက်ရှိသည်။ Z T E၊ Huawei များ အသုံးများပြီး ကျပ်လေးသောင်းဝန်းကျင်မှ ကျပ်တစ်သိန်းငါးသောင်းအထိ ဈေးအမျိုးမျိုးရှိသည်။ အင်တာနက် အသုံးပြုနိုင်သော Huawei C 8812၊ C 8650 ဖုန်းများ ပစ္စည်းပြတ်သွားသည်အထိ ရောင်းရသော်လည်း ဈေးနှုန်းပုံမှန်အတိုင်းရှိနေကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ရာသီဥတုပူပြင်းသောကြောင့် ရေစည်လှည်းတွန်းသမားများ အလုပ်ဖြစ်

မုံရွာ ဧပြီ ၂၇

မုံရွာမြို့ မြို့ပေါ်ရပ်ကွက်များတွင် နွေရာသီပူပြင်းသောကြောင့် ရေစည်လှည်းတွန်းသမားများ အလုပ်ဖြစ်လျက်ရှိသည်။

မုံရွာမြို့ပေါ်ရပ်တွင်နေထိုင်သော ရေစည်လှည်းတွန်းသမား ကိုကျော်ဝင်းမြင့်က "မြစ်ရေကိုသယ်ပြီး မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်များကို အများဆုံးပို့ပေးရကြောင်း၊ အချို့အိမ်များကလည်း မြစ်ရေကိုပဲ အသုံးပြုသောကြောင့် ပို့ပေးရကြောင်း၊ ရေစည်လှည်းတစ်ခေါက်ကို ငွေကျပ် ၆၀၀မှ ၇၀၀ အထိ ရကြောင်း၊ တစ်ရက်လျှင် ၁၀ ခေါက်ခန့်အထိရသဖြင့် ဝင်ငွေအနေဖြင့် တွက်ခြေကိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် မုံရွာမြို့တွင် ရေစည်လှည်းတွန်းသမား ၁၀၀ ကျော်ခန့်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် မိုးရာသီတွင် အလုပ်ပါးပြီး နွေရာသီနှင့် ဆောင်းရာသီများတွင် အလုပ်ပိုမိုတွင်ကျယ်ကြောင်း၊ ထို့အပြင် ၎င်းတို့ရေစည်လှည်းတွန်းသမားများစုပေါင်းပြီး နှစ်စဉ်ရေများ စုပေါင်းလှူဒါန်းပါကြောင်း၊ ယခုနှစ်တွင်လည်း ထနောင်းကုန်း မိဘမဲ့ကျောင်းသို့ စုပေါင်းရေလှူဒါန်းပေးခဲ့ကြောင်း၊ တစ်နှစ်လျှင် ငွေကျပ် ၅၀၀၀ သာ စည်ပင်အခွန်ပေးရပြီး မိမိတို့စိတ်ကြိုက်လုပ်ကိုင်ခွင့်ရကြောင်းဖြင့် ရေစည်လှည်းတွန်းသူ ဦးရှမ်း၏ ပြောကြားချက်အရ သိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

မီး သတိပြု

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ ယ/၂၄၀၅၆၊ Luojia-110၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြင့်ဇော်ဝင်း မှတ်ပုံတင်အမှတ်[၉/အမဇ (နိုင်)၀၃၀၉၈၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

နေ့အပူချိန်ကြောင့် အင်းများတွင် ငါးများသေဆုံး

ရေတာရှည် ဧပြီ ၂၇

ရေတာရှည်မြို့နယ် ရဲကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာအရှေ့ဘက်ရှိ ငါးဖမ်းအင်းများတွင် ရေများလျော့နည်းပြီး နေ့အပူချိန်ကြောင့် ငါးများသေဆုံးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်သည် လေလံအင်းများစတင်၍ ငါးဖမ်းဆီးချိန်ဖြစ်ပြီး ရေနည်းလာသည်နှင့်အမျှ နေ့အပူချိန်ကြောင့် နေ့စဉ်လိုလို ငါးများစွာ သေဆုံးလျက်ရှိသည်ဟု အင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။ "ရေကနည်းလာတယ်၊ အပူချိန်ကလည်းတအားပြင်းတော့ ငါးတွေသေတယ်၊ တစ်ပိဿာအထက်အကောင်တွေချည်းပဲ၊ ငါးဘတ်၊ တီလားပီးယား၊ ငါးရံ့တွေပေါ့။ တစ်နေ့တစ်နေ့ ပိဿာချိန် ၃၀ လောက်ရှိလိမ့်မယ်ဗျ"ဟု အထက်ပါအင်းလုပ်သူကပင် ပြောပြသည်။ အဆိုပါအင်းများမှ နေ့စဉ်ထွက်သည့် ငါးများအား မြို့အသီးသီးမှ ငါးအရောင်းအဝယ်လုပ်သူများက အင်းထဲအရောက်လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ကလေးမြို့ ဗိုလ်ချုပ်လမ်းမဘေးဝဲယာ ကတ္တရာလမ်းတိုးချဲ့

ကလေး ဧပြီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ကလေးမြို့သည် မုံရွာ၊ တမူး၊ ချင်းပြည်နယ်တို့ဆုံရာ မြို့ဖြစ်ပြီး လူဦးရေ လေးသိန်းဝန်းကျင်ခန့် နေထိုင်သည့် မြို့တစ်မြို့ဖြစ်ကာ ဗိုလ်ချုပ်လမ်းမသည် မြို့တွင်း အများပြည်သူသုံး လမ်းမတစ်ခုဖြစ်သည်။

ယင်းဗိုလ်ချုပ်လမ်းမသည်အကျယ် ၂၄ ပေရှိ ကတ္တရာလမ်းမဖြစ်ပြီး ယခုအချိန်တွင် လမ်းမဘေးဝဲယာကို ၁၂ပေစီ ကတ္တရာလမ်းအဖြစ်တိုးချဲ့ခြင်းဖြစ်သည်။ ပြီးစီးပါက ဗိုလ်ချုပ်လမ်းမသည် ပလက်ဖောင်းအထိ ကတ္တရာလမ်းအကျယ် ၄၈ ပေရှိမည်ဖြစ်ပြီး အများပြည်သူသွားလာရေးအဆင်ပြေချောမွေ့လာမည် ဖြစ်သည်။

အဆိုပါ ဗိုလ်ချုပ်လမ်းမသည် ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ မိုင်တိုင်အမှတ် (၃/၁) မှ (၈/၃) အထိ လမ်းဘေးဝဲယာ တိုးချဲ့ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၄၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ထိုးကွင်းဒူးကျထိုးသည့် ရှေးကြေးစုတ်တံ

မြိတ် ဧပြီ ၂၇

ရှေးမြန်မာများ ဝေါင်ရင်းမှဒူးအောက်နားထိ ထိုးကွင်းဒူးကျထိုးသည့် ကြေးစုတ်တံကြီးကို မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်စုံခေါင်းရွာ အိုးဖိုဘုန်းတော်ကြီးကျောင်းတွင် စတုတ္ထမြောက်ဆရာတော်မှ သိမ်းဆည်းထားခဲ့သည်။ စတုတ္ထမြောက်အိုးဖိုဆရာတော်မှာ သက်တော် (၇၅)နှစ်ရှိပြီဖြစ်သည်။ ဒုတိယမြောက် အိုးဖိုဆရာတော် ဦးဇာဂရမှ ကျေးရွာသားများအား ထိုးကွင်းမင်ကြောင်ထိုးရာတွင် အသုံးပြုခဲ့သည်။ ဆရာတော်မှာ မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်သည် စုတ်တံကို မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မတိုင်ခင် အသုံးပြုခဲ့သဖြင့် အသုံးပြုခဲ့သည်မှာ ၇၅ နှစ်ကျော် ပြီဖြစ်သည်။ ကြေးစုတ်တံမှာ အပိုင်းသုံးပိုင်းဖြစ်ပြီး စုတ်ထိုးမည်ဆိုပါက ဆက်၍ထိုးရသည်။ **(အပေါ်ပုံ)** ဆေးစုတ်ထိုးသည့်အပိုင်းသည် အရှည် ခုနစ်လက်မနီးပါး၊ အကြီးဆုံးလုံးပတ် နှစ်လက်မခွဲ နီးပါးရှိပြီး ကိုယ်တွင်ထိုးသည်နေရာတွင် ဆေးမင်များဝါရှိရန်အတွက် စုတ်တံအစမှ လေးလက်မအကွာထိ ငါးစိတ်စိတ်ထား ငှက်ပျောဖူးပုံသဏ္ဌာန်ရှိသည်။ အဝ် ၁၂ ချောင်းဖြင့် တစ်ပြိုင်တည်းထိုးသွင်းသည်နှင့် တူသည်။ အလယ်ပိုင်းမှာ အရှည် ငါးလက်မနီးပါး၊ လုံးပတ်နှစ်လက်မနီးပါးရှိသည်။ လက်ကိုင်ပိုင်းတွင် အရှည် ရှစ်လက်မခွဲနီးပါး၊ အကြီးဆုံးလုံးပတ် သုံးလက်မနီးပါးရှိသည်။ ၁၃၀၀ ပြည့်နှစ် ဆရာစံအရေးတော်ပုံတွင် လူ ၅၀ ကျော်ခန့်ကို ဒုတိယမြောက်ဆရာတော်ကိုယ်တိုင် ဆေးထိုးကွင်းဒူးကျ ထိုးပေးခဲ့ရကြောင်း မိန့်ကြားခဲ့သည်ကို လက်ရှိဆရာတော်ထံမှ နာကြားခဲ့ရသည်ဟု သိရသည်။

မြင့်သိန်း (ကိုယ်ပွား - မြိတ်)

အငြိမ်းစား လစာများ e-pension စနစ်ဖြင့် ထားဝယ်တွင်ထုတ်ပေး

ထားဝယ် ဧပြီ ၂၇

မြန်မာ့စီးပွားရေးဘဏ်သည် ICT အသုံးပြု ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူအင်အားနှင့်အချိန်များစွာသုံး၍ ဆောင်ရွက်ပေးနေရသည့် မြန်မာ့စီးပွားရေးဘဏ်၏ အဓိကလုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ဝင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e-pension စနစ်ဖြင့် ပြောင်းလဲကျင့်သုံးသွားရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထားဝယ်မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ဇန်နဝါရီလမှစ၍ e-pension smart card များဖြင့် အငြိမ်းစားလစာများကို ထုတ်ပေးခဲ့ရာ ထားဝယ်ဘဏ်ခွဲရှိ ဝင်စင်စား (မြို့ပြ/ကာကွယ်ရေး/နိုင်ငံရေး) ၂၆၂၆ ဦးအနက် ၁၃၅၀ ဦးမှာ e-pension စနစ်ဖြင့် ဝင်စင်လစာများကို လစဉ်ထုတ်ယူလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(ဖိုးရွှေသွန်း-ထားဝယ်)

တန့်ယန်း၌ လေပြင်းတိုက်ခတ်

တန့်ယန်း ဧပြီ ၂၇

ဧပြီ ၂၂ ရက် ညနေ ၅ နာရီခန့်တွင် တန့်ယန်းမြို့၌ လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းခဲ့မှုကြောင့် အမှတ် (၄) ရပ်ကွက်ရှိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝင်းအတွင်းရှိ ယာယီဂိုဒေါင်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

အဆိုပါယာယီဂိုဒေါင်မှာ အလျား ၄၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိပြီး သွပ်မိုးထရံကာဖြန်းခင်း အမျိုးအစားဖြစ်ကာ ပျက်စီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

(၆၅၅)

တရားမဝင်ပိုင်ရှင်မဲ့ကျွန်းသစ်များ သိမ်းဆည်းရမိ

ရေတာရှည် ဧပြီ ၂၇

ဝဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးဝင် ရိုးမဖြတ်ကျော် ကားလမ်းမိုင်တိုင်အမှတ် (၇/၃) နှင့် (၇/၄)အကြား (၇)မိုင် ကျေးရွာအနီး၌ ဧပြီ ၂၀ ရက် နံနက် ၈ နာရီခန့်တွင် ဆွာဘိနယ်တာဝန်ခံ တောအုပ်ကြီး ဦးချစ်သိန်း၊ တောအုပ်စောဝင်းထွဋ်၊ တောအုပ်တင်ဝင်း မောင်အဝါအဝင် ငါးဦးတို့သည် တာဝန်ရှိသူများနှင့်အတူ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ (၇)မိုင် သစ်တောကျေးရွာအနီးတွင် တရားမဝင် ကျွန်းသစ်ခွဲသား ၂၄ တုံး (၄ ဒသမ ၀၇၇၆ တန်)နှင့် ကျွန်းသစ်လုံး ၂၀ (၃ ဒသမ ၀၈၀၀ တန်)စုစုပေါင်း ခုနစ် ဒသမ ၁၅၇၆ တန် စုစုပေါင်း ကာလတန်ဖိုး ၁၀ သိန်း ခုနစ်သောင်းခန့်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီးအဆိုပါ တရားမဝင် သစ်ခွဲသားများအား သစ်တောဦးစီးဌာနမှ သိမ်းဆည်းထားကြောင်း သိရသည်။

(၅၇၈)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

HR ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများအတွက်
Human Resources Management Course
VAC VALUE ADDED CONSULTANCY
No.60, 2nd Floor, 13th St, Lanmadaw Tsp, Yangon.
Ph: 09-73022727, 09-5102094
> Introduction to Human Resources Management > Recruitment & Selection > Managing Staff > Staffing > Training & Development
Detail Outlines >> http://www.vacjobsearch.com
Time Table - Sunday (1:30 to 4:30 pm) Duration - 4 – 8 weeks Starting Date - 5.5. 2013

အေးရတနာမိုး CAR RENTAL
မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ
ကိုဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။
အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်။ဖုန်း-၀၉၇၃၀၃၈၁၂၀။

ခြံမြေရောင်းမည်

အမှားပြင်ဆင်ခြင်း
၂၃-၂-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ-၅၀၊ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသတိပေးကြေညာခြင်းကြော်ငြာတွင် ရနကန်ပြ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၆၈) ဘိအစား (၆၈)ဘီဟု ပြင်ဆင်ဖတ်ရှုပါရန်။
ဒေါ်နီဝင်းလှိုင်အောင်
အထက်တန်းရှေ့နေ(စဉ်-၂၇၆၉၇)

ဝန်ထမ်းအလိုရှိသည်
(1) ယာဉ်မောင်းဝန်ထမ်း ကျား(၂၀) ဦး
(2) ရောင်း/မောင်းဝန်ထမ်း ကျား(၂၀) ဦး
Selling Skill နှင့် Market Distribution
(3) Sales Promoter ကျား(၂၀) ဦး
(4) Sales Supervisor ကျား(၅) ဦး
Distribution & Marketing ... Leadership Skill နှင့်
(5) Sales Executive ကျား(၃) ဦး
Distribution & Marketing ... Leadership Skill နှင့်
(6) Store Keeper(Assistant) မ(၂) ဦး
Excel Treasure Tower

MIC Myanmar Imperial College
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးဆိုင်ရာ Diploma၊ Bachelor နှင့် MBA ရယူလိုသူများအတွက်
■ Diploma In Business (HND)
■ Diploma In Media & Marketing (HND)
■ Bachelor of Business
STUDY UK-MBA in Myanmar
MBA
edexcel Approved Centre No. 93679
အမှတ်(၆၂)(C) အင်းလျားလမ်း၊ကမာရွတ်၊ရန်ကုန်၊ 0973210001 /537562

အမြို့မြို့အနယ်နယ်သတင်း

လားရှိုးမြို့မဈေးတစ်ဝိုက် လမ်းပိတ်ဆို့မှုနှင့်စပ်လျဉ်း၍…

၂၀၁၃ ခုနှစ် မေ ၂၂ ရက်ထုတ် နိုင်ငံတော်ပိုင် နေ့စဉ်သတင်းစာများ ဖြစ်ကြသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် ယည့်သွင်းဖော်ပြခဲ့သော "ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ မြို့မဈေးဘေးပတ်ဝန်းကျင် အများပြည်သူသွား ကားလမ်းနှင့် ယမ်းလျှောက်ရန်စီစဉ်ပေးထားသော ပလက်ဖောင်းများပေါ်တွင် တိုးချဲ့ရောင်းချနေသော ဈေးသည်များနှင့် ကား၊ ဆိုင်ကယ်များ ရပ်နားခွန်ကောက်သူများ၏ မတော်လောဘစည်းကမ်းမဲ့ရပ်နားစေမှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်"ဆိုသည်သတင်းနှင့် ပတ်သက်၍ လားရှိုးမြို့နေပြည်သူများ အလူးသဖြင့် အဆိုပါယာဉ်ကြောပိတ်ဆို့မှုနေရာသို့ မသွားမဖြစ်၊ မလာမဖြစ် နိစ္စဓူဝ သွားလာနေရသော ပြည်သူတချို့နှင့် ၎င်းတို့၏အမြင် သဘောထားများကို တွေ့ဆုံမေးမြန်းခဲ့ရာ-

မြို့မဈေးနှင့် မနီးမဝေးတွင် နေ့စဉ်ရုံးတက်၊ရုံးဆင်း ပြုလုပ်နေသော အစိုးရဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအောင်ကျော်စိုးက ပြောကြားရာတွင် "ယခုလို နိုင်ငံတော်ပိုင်နေ့စဉ်သတင်းစာမှာ ဖော်ပြပေးတဲ့အတွက် ရေးတဲ့သတင်းထောက်ကိုရော ဖော်ပြပေးတဲ့ သတင်းစာတာဝန်ရှိသူကိုရော ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ရုံးက မြို့မဈေးဘေးမှာရှိတာဆိုတော့ ရုံးတက်ဖို့လာတဲ့ အချိန်ရော၊ ရုံးဆင်းချိန်ရော အမြဲတမ်းယာဉ်ကြောပိတ်ဆို့မှုဒဏ်ကို ကြုံတွေ့နေရပါတယ်၊ အထူးသဖြင့် စည်ပင်သာယာကို သတ်မှတ်ထားတဲ့လေလံအောင်ဈေးပေးသွင်းပြီး ကား၊ ဆိုင်ကယ်တို့ကို ရပ်နားအခွန်အခကောက်တဲ့ ဈေးဘေးလမ်းကြောတစ်လျှောက်နဲ့ လူသွားလမ်းဘေးပလက်ဖောင်း စတဲ့နေရာတွေမှာ အဆိုးဆုံးပါပဲ၊ ဆိုင်ကယ်ကိုနှစ်ထပ်ရပ်တယ်၊ ကန့်လန့်ရပ်တယ်၊ ဘယ်သူ့ကိုမှ လူမထင်သလို၊ ဂရုမစိုက်သလိုနဲ့၊ သူတို့အပြောကတော့ သူတို့နောက်မှာသက်ဆိုင်ရာတာဝန်ရှိသူတွေ ရှိတယ်၊ ဘယ်သူလာပြောပြော သူတို့တွေနဲ့အဆင်ပြေနေရင်ပြီးရော၊ ဂရုစိုက်စရာမလိုဘူးဆိုတဲ့ပုံစံမျိုးကို နေ့စဉ်ပြောဆို ကြုံတွေ့နေကြရတာ ကိုယ်တွေ့လေ"လို့ ဆိုလာတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ရင်ဖွင့်သံနှင့်အတူ နေ့စဉ်ထုတ်သတင်းစာများကို လိုက်လံပို့ဆောင်ပေးနေသော အမည်မဖော်လိုသူတစ်ဦးကလည်း "ကျွန်တော်ရဲ့နေ့စဉ်အလုပ်ဖြစ်တဲ့ သတင်းစာတွေကို ဆိုင်တွေ၊ အိမ်တွေကိုလိုက်ပို့တဲ့အခါ ဆိုင်ကယ်ရပ်နားဖို့အခက်အခဲက နေ့စဉ်လိုလိုတွေ့ နေရတယ်၊ အထူးသဖြင့် မြို့လယ်ကောင်မှာရှိတဲ့ မြို့မဈေးနေရာမှာ အဆိုးဆုံးပါပဲ၊ ဆိုင်ထဲကို သတင်းစာလေးဝင်ပို့ဖို့အတွက် ဆိုင်ကယ်လေး ခဏရပ်နားဖို့အတွက်တောင် နေရာမရှိဘူး၊ ဈေးဆိုင်တွေ၊ သစ်သီးရောင်းတဲ့ဆိုင်တွေကလည်း သူတို့ဆိုင် နယ်နိမိတ်တင်မကပါဘူး၊ လမ်းလျှောက်ဖို့လုပ်ထားပေးတဲ့ လမ်းပလက်ဖောင်းကိုတောင် အပြည့်ခင်းထားသေးတော့ လမ်းလျှောက်စရာမပြောနဲ့ ပလက်ဖောင်းရှိတယ်ဆိုတာတောင် တော်တော်ကြည့်ယူရပါတယ်၊ ဆိုင်ကယ်ရပ်နားခွန်ကောက်တဲ့ လူတွေကလည်း ဆိုင်ကယ်တွေကို နှစ်ထပ်ရပ်ထားတယ်၊ လမ်းကကျဉ်းဝါတယ်ဆိုမှ ကန့်လန့်လည်းရပ်တာပဲ၊ တချို့နေရာတွေဆိုရင် နှစ်ထပ်မကဘူး၊ သုံးထပ်တောင်ရပ်ထားတာတွေရှိတယ်၊ ဒီလိုအဖြစ်တွေက ဘယ်သူမှာ တာဝန်ရှိသလဲဗျာ၊ စည်ပင်မှာလား၊ လူတွေမှာလား၊ မတရားဆွဲထားတဲ့ လေလံဈေးနှုန်းတွေကြောင့်လားဆိုတာ အဖြေရှာလို့ရရင်ရှာကြဝါ"ဟုလည်း ရင်ဖွင့်ထားသည်။

ထပ်မံ၍ မြို့မဈေးအတွင်းတွင် အလည်အလိပ်ရောင်းရန်ဆိုင်ဖွင့်လှစ်ထားသော ဒေါ်နန်းခေးလင်းကလည်း "ကျွန်မတို့ ဆိုင်ကိုဈေးဝယ်ဖို့လာတဲ့ ဖောက်သည်တွေရဲ့ ဆိုင်ကယ်တွေ၊ ကားတွေဆိုလည်း ရပ်စရာနေရာမရှိလို့ ဆိုင်နဲ့တော်တော်ဝေးဝေးမှာ သွားရပ်ရပါတယ်။ တချို့ဆိုရင် ရပ်နားဖို့အဆင်ပြေစရာ နေရာရှာရင်း ဆိုင်ဘက်တောင် ပြန်မလာတော့ဘဲ အဆင်ပြေတဲ့ဆိုင်မှာပဲ ဝယ်လိုက်တဲ့အဖြစ်တွေလည်း ကြုံရပါတယ်။ တစ်ခါကဆိုရင် ဆိုင်ကယ်ရပ်နားတဲ့နေရာမှာ ကျပ် ၂၀၀ ပေးပြီးရပ်ခဲ့တာ ပြန်မယ်ဆိုတော့မှ ကိုယ့်ဆိုင်ကယ် အကာတွေ ကျိုးပဲ့နေတာတွေ၊ ပျက်စီးနေတာတွေကို ကြုံရတယ်၊ ဘယ်သူမှလည်း တာဝန်မယူဘူး။ ရပ်နားခတော့ကောက်ပြီး ယက်လွှတ်စပယ်လုပ်နေတဲ့သူတွေကိုလည်း အရေးယူဖို့ကောင်းပါတယ်။ တချို့ကားတွေဆိုလည်း ယာဉ်စည်းကမ်း၊ ယမ်းစည်းကမ်းဘာမှ မသိတာလား၊ မလိုက်နာတာလားမသိဘူး။ ယာဉ်နှစ်ထပ်ရပ်တာတွေ၊ ကန့်လန့်ရပ်တာတွေကို တွေ့နေရတယ်။ ယာဉ်ထိန်းတွေ ရှင်းလည်း ခဏပဲ၊ ပြီးရင်ဒီ့ရင်းကဒီ့ရင်းပါပဲ။ အခုလိုသတင်းစာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲကို ဖော်ပြပေးလိုက်တော့ ကောင်းပါတယ်။ ဒါမှလည်းတာဝန်ရှိသူတွေ သိပြီးပြုပြင်စရာတွေ ပြုပြင်ရတာပေါ့"လို့ ၎င်း၏အမြင်ကို ရင်ဖွင့်ပြောပြသွားသည်။

ယခုကဲ့သို့ သတင်းစာထဲသို့ ပို့ရလောက်သည် အခြေအနေသို့ရောက်အောင် ယာဉ်ကြောပိတ်ဆို့မှုများ၊ လမ်းဘေးဈေးသည်များ တိုးချဲ့ရောင်းချနေမှုများသည် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လတ်တလော ဖြေရှင်းပေးရမည် ကိစ္စအနေဖြင့်သာမက ရေရှည်မြို့သန့်ရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးတို့ကို ဦးစားပေးလုပ်ဆောင်သွားရမည်ဖြစ်သည်။

မေ ၂၄ ရက် ညနေပိုင်းအထိ မူလအခြေအနေမှ မည်သည့်ပြောင်းလဲမှု၊ အရေးယူမှုတစ်စုံတစ်ရာမျှ မတွေ့ရှိရသေးကြောင်းကို လေ့လာစုံစမ်းချက်များအရ တွေ့မြင်ရပါသည်။ **(ချယ်ရီလှိုင်)**

ကြက်တိမ်ညင်နှင့် ဘဲ မိတ်ကောင်းဆွေစစ်စောင့်ရှောက်မှု

ရန်ကုန် မေ ၂၇

မျိုးမတူသည့် တိရစ္ဆာန်နှစ်ကောင်၏ တစ်မျိုးခလေ့ တစ်မျိုးနားမလည်ကြသော်လည်း ဘဲမလေးကို အနီးကပ် လိုက်လံစောင့်ရှောက်ပေးနေသည့် ကြက်တိမ်ညင်ထီးက မိတ်ကောင်းဆွေစစ်အဖြစ် ဘဲမလေးသွားရာလိုက်နေသည်ကို မေ ၂၅ ရက်က ဤသို့တွေ့ခဲ့ရသည်။**(ထာပုံ)**

"ထိုတိရစ္ဆာန်နှစ်ကောင်အနက် ကြက်တိမ်ညင်အသီးပိုင်ရှင်ဖြစ်တဲ့ ဦးသိန်းနိုင်က ကြက်တိမ်ညင်က အကောင်ငယ်လေးနဲ့လှပြီး တွန်သံလည်း သာယာနာပျော်ဖွယ်ရှိလို့ တစ်ကောင်တည်းမွေးထားတာပါ"ဟု ပြောပြသည်။ ယင်းနောက် ဘဲမလေးပိုင်ရှင်ဖြစ်တဲ့ ဦးခင်ဝင်းအောင်က ဒီဘဲမလေးနဲ့အတူ ဘဲထီးတစ်ကောင်လည်း မွေးထားပါတယ်။ ဘဲထီးသေသွားတော့ ဘဲမလေးတစ်ကောင်တည်းကျန်နေလို့ သနားပြီး ထိန်းကျောင်းမှုမပြုတော့ဘဲ လွှတ်ထားတာကြာသွားပြီဖြစ်ကြောင်း ရှင်းပြသည်။

"ဒီလို မျိုးမတူ ခလေ့မတူတဲ့ တိရစ္ဆာန်နှစ်ကောင်ဟာ ကြက်တိမ်ညင်တွန်သံကြားရင် ဘဲမလေးကပြေးပြီး ကြက်တိမ်ညင်ဆီသွားတယ်၊ ဘဲမလေးအော်သံကြားရင် ကြက်တိမ်ညင်ထီးက ဘဲမလေးဆီပြေးသွားတာ ထွေ့မြင်နေရတော့ ဒီတိရစ္ဆာန်နှစ်ကောင်ရဲ့ မိတ်ကောင်းဆွေစစ် စောင့်ရှောက်မှုတွေက အသိဉာဏ်ကြွယ်တဲ့ ထူသားတွေကို သတိပေးတာများဖြစ်နေမထားထိ့ စဉ်းစားသုံးသပ်နေမိတယ်"ဟုဦးခင်ဝင်းအောင်က ရှင်းလင်းပြောကြားသည်။ **(ထွန်းဝင်း)**

လင်းခေး၌ မိုဘိုင်းဖုန်းများ ရောင်းချ

လင်းခေး မေ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ပြည်သူများအတွက် မိုဘိုင်းဖုန်း ဆင်းကတ် ၁၀၇၀ ကို မေ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ လင်းခေးမြို့နယ် မြန်မာ့ဆက်သွယ်ရေးရုံးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖုန်းလျှောက်ထားသူ ပြည်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

(စိုင်းဇော်လတ် ပြန်/ဆက်)

လမ်းဘေးဓာတ်ဆီဆိုင်များကြောင့် မီးဘေးစိုးရိမ်နေရ

ထထေး မေ ၂၇

ကလေးမြို့တွင်း လမ်းမများပေါ်တွင် ကားများ၊ ဆိုင်ကယ်များ ဥဒဟိုသွားလာနေကြ၍ လမ်းဘေးဓာတ်ဆီဆိုင်များလည်း ပေါ်များလာသည်။ ကလေးမြို့တွင် အကြီးဆုံးနှင့် ရောင်းအားအကောင်းဆုံး ဓာတ်ဆီဆိုင်ကြီးများကလည်း ပင်လုံရပ်ကွက် ဗိုလ်ချုပ်လမ်းမထက်တွင် တစ်ဆိုင်၊ ကလေး(ဒကစ) သွားရာလမ်းတွင် တစ်ဆိုင်ရှိကာ မြို့၏ဧရိယာဗဟိုတည့်တည့်တွင် တည်ရှိနေသည်။

တချို့ထမ်းဘေးတွင် ဓာတ်ဆီဝင်ထည့်နေသော ဆိုင်ကယ်များသည့် ဆိုင်ကယ်ကာဗာများ မပါရှိခြင်း၊ ဒူးကာများမပါရှိခြင်း၊ ဆီထည့်နေစဉ်တယ်လီဖုန်းပြောဆိုနေခြင်းများ တွေ့နေရသည်။ အဆိုပါကိစ္စများသည် မီးဘေးအန္တရာယ်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

လမ်းဘေးတွင် ဓာတ်ဆီဆိုင်များပေါ်များခြင်းနှင့်ပတ်သက်၍ ပြည်သူတစ်ဦးက "ဒီလို ဓာထ်ဆီဆိုင်ထေးထွေရှိထာ ကောင်းလည်း ကောင်းတယ်၊ ဒါပေမယ့် မီးဘေးစိုးရိမ်ရပါတယ်၊ တစ်ဦးတစ်ယောက်ရဲ့အကျိုး စီးပွားနဲ့ အများရဲ့အကျိုးစီးပွားကို ယှဉ်မယ်ဆိုရင် အများရဲ့အကျိုးစီးပွားကို ကာကွယ်ပေးရမယ်လို့ ထင်ပါတယ်"ဟု ပြောပြသည်။ **သျှင်နေမင်း(ဂန့်ဂေါ)**

ကျော့သောင်းမြို့တွင် ၀၀ ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်

ကျော့သောင်း မေ ၂၇

ကျော့သောင်းမြို့ (၁၀) မိုင်ကျေးရွာ အုပ်စုအပိုင် ရှစ်မိုင်ကျေးရွာအနီး ကျော့သောင်း-ဘုတ်ပြင်း ကားလမ်းပေါ်တွင် မေ ၂၄ ရက် ည ၆ နာရီခွဲ ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကျော့သောင်းမြို့ အောင်သုခရပ်ကွက် ရွှေမင်းဝံ (၁) လမ်း အမှတ် (၄၅၁)နေ ဦးရွှေမြိုင်(ခ) မင်းဝင်းမြိုင် အသက် (၃၆)နှစ်နှင့်အတူ ဦးမောင်စိုး အသက် (၅၃) နှစ်တို့ နှစ်ဦးသည် မိမိပိုင် ကိုးမိုင်ဥယျာဉ်ခြံမှ ဟွန်ဒါ wave I 125 မော်ထော်ဆိုင်ကယ်ဖြင့် ပြန်လာကြရာ ကျော့သောင်းမြို့တွင်းမှ ယုဇနဆီအုန်းကမ္ပဏီသို့ ကုန်အပြည့်တင်ဆောင်လာသည့် ၁၀ ဘီးယာဉ်အနောက်ဘက်ရှိ သံတန်းခြေနင်းခုံဖြင့် ဝင်ရောက်ချိတ်မိကာ မော်တော်ဆိုင်ကယ်လဲကျပြီး ဆိုင်ကယ်မောင်းနှင်လာသူ ဦးဝင်းမြိုင် (ခ) မင်းဝင်းမြိုင်အား ကားနောက်ဘီးဖြင့် ကြိတ်မိသဖြင့် ဦးခေါင်းထစ်ခုလုံးကြေမွ၍ နေရာတွင်ပင် သေဆုံးကာ နောက်မှစီးနင်းလာသူ ဦးမောင်စိုးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ ကျော့သောင်းမြို့ ပြည်သူ့ရဲတပ်ဖွဲ့မှ ချက်ချင်းသွားရောက်ကာ အခင်းဖြစ်ပွားပုံနှင့် လိုအပ်သည် စစ်ဆေးချက်များကို ဆောင်ရွက်ခဲ့ကြသည်။ ဒဏ်ရာရရှိသူ ဦးမောင်စိုးသည် ကျော့သောင်းမြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူနေသည်။

(ကျော်စိုး)

ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ကြီး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ ဆားတန်းရပ်ကွက် မြို့မဈေးရှေ့တွင် မေ ၁၉ ရက် ည ၇ နာရီက မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအသင်းမှ အတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်နှင့်အဖွဲ့သည် ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ကင်ဆာရောဂါ ဖြစ်ပွားလေ့ရှိသော ပထတ်စတစ်၊ ဖော့ဘူး၊ အချဉ်ရည်နှင့် ဂျယ်လီများ၊ မယ်လမင်း၊ တရုတ်နီမှုန့်၊ ကော်ဖီမစ်၊ ရောင်စုံဆိုးဆေးသုံး အစားအသောက်များ၊ ဓာတုဗေဒပိုးသတ်ဆေးသုံး အသီးများ သုံးစွဲမှု၏ အကျိုးဆက်များကို စားသုံးသူများအား အန္တရာယ်မဖြစ်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် တတ်ရောက်လာကြသူများအား မြန်မာနိုင်ငံစားသုံးသူ အသင်း၏ ပညာပေးထုတ်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်(ပွဲစားမလို)

တောင်ကြီးမြို့၊ ပြည်တော်အေးလမ်း၊ ကန်သာရပ် ပေ(၆၀×၉၀)၊ တိုက်ခံဂိုထောင်တစ်လုံးပါ ခြံကျယ် ကိုယ်ပိုင်(ရေ+မီတာ)၊ နှစ်(၆၀)ဂရန် ပိုင်ရှင်အမည်ပေါက် အရှုပ်အရှင်းကင်းသည်။

ဆက်သွယ်ရန်-ဒေါ်ခင်နွဲ့

ဖုန်း-၀၉-၅၂၀၂၆၃၅၊ ၀၉-၄၂၀၀၄၇၅၉၉

စာကြည့်တိုက်ဖွင့်မလား

စာအုပ်အသစ်အုပ်(၄၀၀)ကို ငွေတစ်သိန်းကျပ်ဖြင့် သက်သာစာဝေမည်။ ပံ့ပြင်၊ ဝတ္ထု၊ ဘာသာရေး၊ ရုပ်ပြကာတွန်း၊ ဗေဒင်စုံလင်စွာရမည်။(မိုးမြင့်စာပေ)

ဖုန်း-၀၀-၅၄၃၁၄၃၊ ၀၀-၄၀၀၉၃၀

စားဖိုမှူးကြီး ဦးသိန်းတန် (Chef and Food Writer) ဦးစီးသော

(SCC) SCHOOL OF CATERING & COOKERY

ဥရောပအစားအစာနှင့်အရှေ့တိုင်းအစားအစာချက်နည်းပြုတ်နည်းသင်တန်း

Provisions Order ... Menu ... Safe Galley Work Practices ...

SCC ...

Ph : 09-51 19756

ယနေ့မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာဘောက် OBD II သင်တန်း

အမှတ်စဉ် (၁၆) (၁၇) (၁၈) ပုံမှန်တန်းခွဲသစ်များကို မေလ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကို အပတ်စဉ်စနေ၊ တနင်္ဂနွေ နေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။

Engine Doctor Engineering

No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.01/DHPI/Survery/2013-2014		
(က)	ODOM Hydrographic Echo Sounder	(၃)စုံ
(ခ)	River Surveyor M.9 System	(၂)စုံ
(ဂ)	Automatic Weather Station	(၆)စုံ
Tender No.02/DHPI/Admixture/2013-2014		
(က)	Fosroc Conplast-R(MR_2)Admixture	၁၃၀၂၀၀ လီတာ
(ခ)	Grace GP.101 Admixture	၅၅၈၀၀ လီတာ
Tender No-03/DHPI/Equipment/2013-2014		
(က)	Hydraulic Hose Crimping Machine	(၂)စုံ

၂။ ပစ္စည်းများ၏(Technical Specification)များအား ၂၈-၅-၂၀၁၃ ရက်၊ ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားပန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-ပ၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
Tender No.04/DHPI/Lab Equipment/2013-2014		
(က)	Triaxial Compression Test Equipment	(၁)စုံ
(ခ)	Large-Scale Constant Head Permeability Test Equipment	(၂)စုံ
(ဂ)	Standard Scale Constant Head Permeability Test Equipment	(၅)စုံ
(ဃ)	Large Scale Compaction Test Equipment	(၁)စုံ
	Consolidation Test Equipment	(၁)စုံ
Tender No.05/DHPI/Equipment/2013-2014		
(က)	Shotcrete Machine Aliva III	(၃)စုံ
(ခ)	Concrete Pump Truck	(၂)စုံ

၂။ ပစ္စည်းများ၏(Technical Specification)များအား ၂၈-၅-၂၀၁၃ ရက်၊ မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါ ပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး (၁၃း၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၀၃၊ မြေကွက်အမှတ်-၅၉၈/ခ၊ မြေကွက်ကည်နေရာအမှတ်(၅၉၈/ခ)၊ ဝရဇာ(၅)လမ်း၊ ၀၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးထွေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွေး ကွယ်လွန်သဖြင့် ဒေါ်ခင်လှ[၁၂/ဥကက(နိုင်)၀၆၀၀၈၄]က ကစဉ်ဦးကည်းသောဖနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖိတ်ကြားလွှာ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတမှ ဆက်ကပ်လှူဒါန်းသော "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ရရှိတော်မူသော၊ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားဝင်း၊ ရွှေဘုံ သာတိုက်ကျောင်း၏ ပဓါနနာယကဖြစ်တော်မူသော "ဘဒ္ဒန္တဝါယမ" ဆရာတော်ကြီးအား၊ တပည့်ဒါယကာ၊ ဒါယိကာမများက ၅-၅-၂၀၁၃ (တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀ နာရီအချိန်တွင်၊ ဂုဏ်ပသိဒ္ဓိ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရွှေဘုန်းပွင့်ဘုရားဝင်း သာသနဇောတိကမျှော်ရုံသို့ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရ သည်ဖြစ်စေ ကြွရောက်ကြည်ညို ပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ

ဓားတိုတွေ့ဆီဆိုင်ပိုင်ခွင့်ရှိ၊ ထဝင်းဆိုင်ပိုင်ခွင့်ရှိ (တို့) အဖြူးစီးပွားရေး
ငွေသီးရိုး အသွေးခံဘောင်းသော၊ ရွှေကျန် - ပုသိမ် လမ်းကြေးသော
(ပုသိမ် မြို့အနီး)၊ လန(၃၉) ရှိပြီးသော

မြေကွက်အမြန်ရောင်းမည်။

မြေအကျယ် - (1 ဧကကျော်)၊ ဈေးနှုန်း - (3800) သိန်း

ဆက်သွယ်ရန်ဖုန်း : 09 86 27 286 (ရုံးချိန်အတွင်း)

မင်္ဂလာနှစ်မြတ်ငါးနှစ်ပြည့်

၂၇-၄-၂၀၁၃ ရက်တွင် ကျရောက်သော ကိုယ်တို့ရဲ့ မင်္ဂလာနှစ်မြတ် ငါးနှစ်ပြည့်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဆတက်ထမ်းပိုး အချစ်တွေတိုးကာ ချစ်ရပါသော ချစ်သမီး Fud Fid လေးနဲ့အတူ ဒီဘဝတွင်သာမက နောင်ဘဝဘဝ ဆက်တိုင်း ပျော်ရွှင်မှုများစွာ အောင်မြင်မှုများစွာ ထွေးပိုက်လျက် လျှောက်လှမ်းကြမယ်နော်--

ကိုဟန်တိုး-ချစ်ဇနီး မစုစုကြည်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လှသက်ကျန်း[၁၁/ကဖန(နိုင်)၀၄၃၅၄၉] Passport အမှတ် A 272072သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၁၉-၅၀၆၅၁၃၁

(၁၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးသန်းထိုက်** (3rd Engineer-Ocean Tankers Pte Ltd Singapore)နှင့် ချစ်မေမေ **ဒေါ်နီနီ**တို့၏ ၂၈-၄-၂၀၁၃ ရက်တွင် ကျရောက်သော (၁၇)နှစ်မြောက် မင်္ဂလာမှသည့် နောင်နှစ်ပေါင်း(၁၂၀)တိုင်တိုင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့်ပြည့်စုံပြီး ချစ်သား၊ ချစ်သမီးတို့နှင့်အတူ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းလျက်-

သား - သက်ကိုကိုထိုက်(D.G.M) YANGON HOTEL
သမီး - သက်ဆုမွန်ထိုက် (ပုံ့ပုံ့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈/သမင်း၊ မြေကွက်အမှတ်-၂၇၊ မြေကွက်တည်နေရာအမှတ်-၁၈၊ အောင်သဒ္ဓိလမ်း၊ ၃ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးသာနှ၊ ဒေါ်ခင်ဖော်ဝင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာန ကွယ်လွန်သဖြင့် ဒေါ်ခင်ဖော်ဝင်း[၁၂/ရကန(နိုင်)၀၂၀၃ ၆၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပစ္စည်းအမြန်လာယူပါ

အမှတ်(၃၃၆)၊ ၃ ရပ်ကွက်၊ အောက်ပုဇွန်တောင်၊ ရန်ကုန်၊ အိမ်ငှား ဒေါ်မိုးမိုးထွေးသိစေရန် ထစ်ပတ်အတွင်း ပစ္စည်းလာယူပါ။ မယူပါက တာဝန်မယူပါ။

အိမ်ရှင် ဒေါ်ခင်မာဝေ
[၆/မအရ(နိုင်)၀၁၁၃၀၄]
ဖုန်း-၀၉၄၀၂၇၄၃၀၇၆

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မောင်မန်ရှန်ယိန်းဘောမ်(Director, Delco Mining Ltd) နှင့် **မဂလောင်းချန်းမျော်**တို့၏ ၂၇-၄-၂၀၁၃ ရက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအား အတူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

DELCO Mining Ltd ကုမ္ပဏီဝန်ထမ်းများ

ဆူးလေစင်တာပွိုင့် ဖက်ရှင်ဆိုင်မှ ဆိုင်ရှိပစ္စည်းများအားလုံးကို 10%, 20%, 30%,40%,50%,60%,70% အထိ ဖြတ်စပူးဈေးနှုန်းနဲ့ အထူးလျှော့ဈေးရောင်းချပေးနေပါသည်။

အမှတ်-၂၀၄-၂၀၈၊ အနော်ရထာလမ်း၊ ၃၂လမ်းနှင့်ဆူးလေဘုရားလမ်းထောင့်၊ (၂၅-၄-၂၀၁၃) မှ (၅-၅-၂၀၁၃)အထိ
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၀၁-၂၄၆၅၇၆၊ ၂၅၂၈၀၄၊ ၃၈၄၅၅၄ (Special Discount)

သရဏ ထွက်ပြီ မဂ္ဂဇင်း
၂၀၁၃၊ ဧပြီလ
အတွဲ(၁၃)အမှတ်(၆)

U WYNN KYI MAUNG Challenging Courses of English

1. The Analytical Approach to Grammar A to Z Course
2. Translation plus Essay Course
3. The Rudiments of English Speaking Course

အင်္ဂလိပ်စာအကျန်အစင် (The ins and outs of English Grammar) ကို အောက်ပါပုဂ္ဂိုလ်တို့အတွက် ရည်ရွယ်၍ CCA သင်ကြားနည်းဖြင့် အတတ်နိုင်ဆုံးသင်ကြားသည်-
(၁) ပြည်ပတက္ကသိုလ်ကျောင်း စသည်တို့တွင် ပညာသင်ဆုလျှောက်ထားလိုသူများ။
(၂) ပြည်တွင်း-ပြည်ပ အဆင့်မြင့်ရာထူးကြီးများတွင် တာဝန်ထမ်းဆောင်လိုသူများ။
(၃) အင်္ဂလိပ်စာ ဆရာအဖြစ် လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလိုသူများ။

4.5.2013 နေ့၌ ၆ လပြတ် တန်းခွဲသစ်များ စတင်မည်။

၃၃ လမ်း (ဗိုလ်ချုပ်လမ်းထိပ်)၊ ဒိုင်ရွှေဝါဓားသောက်ဆိုင်အပေါ်ထပ်၊ ရန်ကုန်။
☎ : 09 431 223 60 ☎ : 01 584 997

TILA Japanese Language School

◇ ဂျပန်ဘာသာစကားသင်တန်းများ နှင့် ဂျပန်နိုင်ငံတွင်ပညာသင်ကြားနိုင်ရန် တိကျသေချာသောဝန်ဆောင်မှု

◇ ဂျပန်နိုင်ငံတွင်သင်ကြားနိုင်သော ပညာ နိုင်ငံခြားကျောင်းများအကြောင်း ဟောပြောပွဲ [၂၈ ဧပြီလ ၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီ]

အမှတ်-၁၄/၁၇၊ ၄လွှာ(S-A)(MTP Condo) ရန်ကုန်-အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

☎ ၀၁၅၃၃၂၃၃ ၀၉၄၂၁၀၀၈၄၀၇ ၀၉၄၂၁၀၅၃၁၀၀

တန်းခွဲသစ်များ လက်ခံနေပြီ

Coca Suki Restaurant

Since 1957

ဆိုင်နေရာ ပြောင်းရွှေ့ခြင်းအထူးအစီအစဉ်

(၂၇-၄-၂၀၁၃) ရက်နေ့မှ (၃-၅-၂၀၁၃) ရက်နေ့အတွင်း

One For One Free

(Suki Buffet For Next Visit Adult Only)

ပေးအပ်သွားမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ၂၂၉၉၀၄၊ ၂၂၉၉၀၅၊ ၀၉-၅၀၃၇၂၅၂၊ ၀၉-၅၁၂၇၂၉၅

City&Guilds(UK)အင်ဂျင်နီယာ ဒီပလိုမာ သင်တန်းများအတွက် Foundation သင်တန်းများတက်ရောက်နိုင်ပြီ

- Civil Engineering
- Mechatronic Engineering
- Mechanical&Electrical(M&E)Engineering
- Mechanical Engineering
- Electronic Engineering
- Electrical Power Engineering
- Electrical Installation Engineering
- Air-Con & Refri Engineering
- Plumbing

Foundation သင်တန်းတွင် English, Maths, Hand Drawing ဘာသာရပ်များကို အခြေခံ သင်ကြားပေးမည် ဖြစ်သည်။

တန်းခွဲသစ်များစပြီ

20% Off

Phone : 523579, 2304055, 0949341594, 0973043651

TECH

တိဗ္ဗ (1)

ကားမောင်း၊ စက်ပြင်သင်တန်း

* ☎: 01-8011266, 01-8011267, 01-706862, 09-73047755, 09-73322177, 09-73235757
* ☎: 201188, 298787, 09-73047744, 09-73047766, 09-73047788
* (218) ☎: 549764, 545155
* အမှတ်(3-F) ☎: 573986, 573988

ကျွမ်းကျင်ယာဉ်မောင်း အလိုရှိသည်

အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းပါ။

ဖုန်း-၀၁-၅၁၀၇၀၃

Grand Tycoon

Travel & Tour အဆင့်မြင့်အပန်းဖြေခရီးသွားလုပ်ငန်း တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံလုံ၊ မေတော်ကတူ။ ထမ်ဆန်း (လေးညအိပ် ငါးရက်) ခရီးစဉ်

ဈေးနှုန်း- ၀၇၀၀၀၀/-

ဟိုတယ် စားသောက်စရိတ် စက်လှေခ(ငြိမ်း)

မေလ ၀၇ ရက်တွင် ထွက်မည်။

အသေးစိတ်သိရှိလိုပါက

အမှတ်(၂၄)၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉-၅၃၂၂၅၄၁၁၊ ၀၉-၇၃၂၀၁၂၉၇၊ ၀၁-၅၁၀၁၃၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အေးမြင့် P.P.M-261018 သင်္ဘောသား S.I.D စာအုပ် (15309) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

Ph:293902

STARS

ဝါရင့်ဘာသာရပ်ဆိုင်ရာ အငြိမ်းစားပါမောက္ခ၊ ကထိကဆရာ၊ ဆရာမကြီးများကိုယ်တိုင် ဦးစီးသင်ကြားပို့ချမည်-

(၁၀)တန်း၊ အထူးသီးသန့်ရယ်ဝိုင်း၊ (၁၀)ဦးသာ

(မေ) လဆန်းစမည်၊ စာရင်းပေးသွင်းနိုင်ပြီ

အမှတ်(၁၅)၊ လှည်းတန်း၊ (၅)လမ်း၊ ကမာရွတ်၊ လှည်းတန်း၊ ရန်ကုန်။

ဖုန်း - ၀၉ ၄၂၀၀၄၄၉၄၉၊ ၀၉ ၇၃၂၀ ၇၆၉၀၊ ၀၉ ၄၂၀၀၅၄၉၆၊ ၀၁-၂၀၉၂၇၀

OASIS

ဒေါ်ခင်သာ(စား/ထည်မှုန်း)

Ph:09-5030616, 09-73242400, 09-73103031

ENGLISH SPEAKING

ဆက်သွယ်ရန်

PH:09421006571

ကျေးဇူးဆပ်ပါမည်

မှတ်ပုံတင်အမှတ်[၈/ရစက(နိုင်)၁၆၃၀၀၁] ကိုင်ဆောင်ထားသော ကျွန်တော် စိုင်းမင်းအောင်သည် ၃-၄-၂၀၁၃ ရက် ညနေ ၅ နာရီတွင် လေဆိပ်မှအငှားကားစီးရာ၌ ၎င်းအငှားကားပေါ်တွင် ပတ်စပို့နှင့်အတူ လေယာဉ်လက်မှတ်၊ အခွန်ဆောင်စာရွက်၊ လေယာဉ်ထွက်ချိန် စာရွက်၊ ကင်မရာထည့်အိတ်၊ မန်မိုဒီကက်များ ၎င်းကားပေါ်သို့ ပါသွားပါသဖြင့် တွေ့ရှိသူများ လာရောက်ပေးကြပါရန် ကောင်းဆိုပါသည်။ ကျေးဇူး ဆပ်ပါမည်။ ဆက်သွယ်ရန်လိပ်စာ အမှတ်(၁၇၁)၊ ၁၃လမ်း၊ သမိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၉၂၂၈၈၅၄၊ ၀၉ ၄၅၀၀၀၈၂ ၉၅

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရပ်ကွက်အမှတ်(၂၀)၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၄၁၇)၊ (၄၁၇-အေ)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၂၀၊ မြေကွက်အမှတ်(၄၀၇)၊ အလျားပေ ၄၁×အနံ ပေ ၆၀၊ (၄၁၇-အေ)၊ အလျား ၀၀၄၀×အနံ၀၀ ၆၀၊ မြေကွက်များနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း။

၁။ အထက်ခေါင်းစဉ်ပါ ရည်ညွှန်းဖော်ပြလိပ်စာပါ မြေကွက်(၂)ကွက်၏ တရားဝင်မြေငှားဝရန်စာချုပ် အမည်ပေါက်ပိုင်ရှင်မှာ ဒုတိယ ဗိုလ်မှူးကြီး စိန်ဝင်း(ငြိမ်း)ဖြစ်ပါသည်။ မြေငှားဝရန်စာချုပ်အမည်ပေါက်ပိုင်ရှင် ဒုတိယဗိုလ်မှူးကြီး စိန်ဝင်း(ငြိမ်း)ကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ဇနီး ဒေါ်ခင်ခင်ဆွေ[၁၂/အလန(နိုင်)၀၂၀၉၆၀]မှ တရားဝင်အမွေဆက်ခံသူပိုင်ရှင်ဖြစ်လာခဲ့ပါသည်။

၂။ သို့အတွက်ကြောင့် အထက်ခေါင်းစဉ်ရည်ညွှန်းဖော်ပြလိပ်စာပါ မြေကွက်(၂)ကွက်နှင့်ပတ်သက်၍ ဒေါ်ခင်ခင်ဆွေ၏ တရားဝင်သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှမြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ မြေတိုင်းတာခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို	ဦးအောင်မြင့်ထွန်း	ဦးရာဇာဝင်း
LL.B,H.G.P.,Dip in Business Law	LL.B	LL.B
Dip in Applied Psychology, Dip in Maritime Law	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

တရားလွှတ်တော်ရှေ့နေနှင့်စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်

အမှတ်(၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၅၂၉၂၄

အိမ်၊ ခြံမြေ ငှားရန်ရှိသည်

RC 2½ တိုက်

ခြံ 95' x 100'

အိမ် 46' x 51'

နံ့သာမြိုင်(၂)လမ်း၊ အင်းစိန်မြို့နယ်

ဖုန်းနံပါတ်

09-428321106

ဝယ်လိုသည်

ရွှေပြည်သာမြို့နယ်ရှိ မြေတိုင်း င-၁၁၊ ၁၂၊ ၁၃၊ ၁၄ လှိုင်သာယာမြို့နယ်ရှိ မြေတိုင်း ၂၂၊ ၂၃၊ ၂၈ ရှိ မြေကွက်များ ဝယ်လိုသည်။

ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

Ph:09420319502, 09420731646

(၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဦးစိုးပိုင်** R/O, Operation Co-Ordinator GLOBAL MARINE SERVICES ခေတ္တ(UAE)နှင့် မေမေ **ဒေါ်ဥမ္မာသိန်း**တို့၏ ၂၈-၄-၂၀၁၃ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှ နောင်ရွှေရတု၊ စိန်ရတုများတိုင်အောင် ဖေဖေ၊ မေမေတို့ချစ်သော သမီးများနှင့်အတူ ဘာသာ၊ သာသနာ အကျိုး သယ်ပိုးပြီး အသက်ရှည်ရှည် နေနိုင်ကြပါစေလို့ ဆုတောင်းရင်း-

သမီးကြီး - ဖူးပွင့်ဝေလှိုင် **B.A(English), Dip in FO OPERATION and SERVICE, City and Guide(U.K) London . FO Dept (CHATRIUM HOTEL ROYAL LAKE, YANGON)**

သမီးငယ် - **အိန္ဒြာထက် B.A(Japanese) honest, Y.U.F.L EXECUTIVE AT OFFICE RENTIAL DEPT, KDDI MYANMAR CO.,LTD.**

လမင်းမိုမို

ကောင်းကင်ကကြွေကျခဲ့ပါ

မိဖုရားစာပေတိုက်။ ဖုန်း - ၀၉၅၀၀၁၉၈၃

ခိုင်ခိုင်ဦး

Computer Training
Basic Computer | I-Office | Excel Special
Graphic | DTP
A+ Hardware
09-73009869
09-73013432
09-73028433

၆-၄-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၂)နှင့် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(အချပိုပို-ဃ)ပါ အမှုသည် ဦးအောင်မင်းနှင့် တရားလွှတ်တော်ရှေ့နေ ဦးမြင့်သန်း(စဉ်-၄၅၉၂)တို့၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ဗိုလ်ဆွန်ပက် ကွန်ဒိုမီနီယံအိမ်ရာစီမံကိန်းရှိ Commercial Area ၃-လွှာ၊ ဧရိယာ(၁၂၄၇၁.၀၃) စ/ပေ အကျယ်ရှိ သုံးထပ်တိုက်နှင့်ပတ်သတ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်မို့မို့လွင်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

၁။ အထက်ဖော်ပြပါ Commercial Area ၃-လွှာ၊ တိုက်ခန်းများအား စာရွက်စာတမ်း၊ စာချုပ်၊ ငွေသွင်းချလန်မှုရင်းများနှင့် ဓာတ်ပုံတင်အထွေထွေကိုယ်စားလှယ်စာမူရင်းများပါ ပိုင်ရေးပိုင်ခွင့်ရှိ၍ လက်ပယ်ရရှိထားသူထံမှ တာလတန်ဖိုးငွေများ အပြေအကျေပေးချေ၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ၂၀၁၂ ခုနှစ်ကတည်းက စဉ်ဆက်မပြတ် ပယ်ယူလက်ရောက်ရရှိပြီး ဖြစ်ပါသည်။

၂။ လူကြီးမင်းအနေဖြင့် အထက်ဖော်ပြပါ တိုက်ခန်းများနှင့်ပတ်သက်၍ မည်သို့မျှ အကျိုးသက်ဆိုင်ခွင့်မရှိတော့ပါဘဲလျက် လူကြီးမင်းမှ လက်ပယ်ရရှိထားသယောင်၊ ပြင်ဆင်နေသယောင်၊ လွှဲပြောင်းရောင်းချခြင်းမပြုရန် တားမြစ်ထားသည် ကြေညာချက်တို့မှာ မဟုတ်မမှန် လိုဆယ်လုပ်ကြထားခြင်းဖြစ်သည့်အတွက် လူကြီးမင်း၏ ကြေညာချက်အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် နောက်နောင် လူကြီးမင်းမှဖြစ်စေ၊ လူကြီးမင်း၏ လူယုံအပေါင်းအဖော်များမှဖြစ်စေ ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းအောင် မပြုလုပ်မိရန် အတိအလင်း တားမြစ်တောင်းဆိုအပ်ပါသည်။ မလိုက်နာပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆတ်လတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးကျော်မင်း(စဉ်-၃၇၅၅) ဦးအောင်နိုင်(စဉ်-၇၈၂၆)
တရားလွှတ်တော်ရှေ့နေများ
ဖုန်း-၀၉ ၇၃၂၁၇၂၅၉၊ ၀၉-၇၃၀၄၈၁၅၈

မင်္ဂလာရက်မြတ်ဆုတောင်း

